ဂါရဝေါစ ဧတံ မင်္ဂလ မုတ္တမံ၊ ရှိသေထိုက်သူကို ရှိသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၆)




## (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

"ပြည်ထောင်စုကြီး နယ်မြေဒေသအနှံ့တွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မှ ခေတ်မီစက်မှုနိုင်ငံတော် ထူထောင်အောင်မြင်နိုင်မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးကလည်း နိုင်ငံတော်နှင့် ပူးပေါင်းလက်တွဲပါဝင်လျက်ရှိသည်။"

မောင်မောင်စိုးအောင်၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး **"တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ခေတ်မီစက်မှုနိုင်ငံတော်သစ်ဆီသို့ ချီတက်မည်"** ကို စာမျက်နှာ (၈၊ ၉)၊ ခွန်ရဲသွေး(အင်းလေး)၏ **"ငွေတောင်မြေအလှ"** ကဗျာကို စာမျက်နှာ(၄)နှင့် **"ရန်ကုန်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း"**ကို စာမျက်နှာ(၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

(မြန်မာ့အလင်း)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ညှိခံပွဲနှင့်ညစာစားပွဲတည်ခင်းဧည့်ခံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ပြသနိုင်ခဲ့၍ ကမ္ဘာ့အလယ်တွင်ဝင့်ထည်စွာရပ်တည်နိုင်ခဲ့

မြန်မာတိုင်းရင်းသားများသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် နိုင်ငံ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်းကျင်းပပြုလုပ်ခဲ့သော ပင်လုံညီလာခံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ပြသနိုင်ခဲ့ကြသည်။ သို့ဖြစ်၍ မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကာ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

(၅၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

# ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့်မမိုတ်မသုန်ဦးတည်ချီတက်

သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသား လူမျိုးတစ်ရာကျော်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် သုခ၊ ဒုက္ခ ဟူသမျှတို့ကို မျှဝေခံစားကြရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှသည် ယနေ့ထက်တိုင်ပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင်–

**"ဤကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာ အတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာ ထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည် သည်းခံ ခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံ အရင်းတည်လျက် အမြော်အမြင်ကြီးမားစွာဖြင့် ပေါင်းစည်းယှက်နွှယ် နေထိုင်ခဲ့ကြသည့် ရှေးဘောဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် ထိုကျေးဇူးတရားကို အလေးအနက်ခံယူ စောင့်ထိန်းကြပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွင်း မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်နေစေရေးအတွက် မလျှော့သော ဇွဲ၊ ခိုင်မြဲသော လုံ့လ၊ ထကြွနိုးကြားသော ဝီရိယတို့ဖြင့် အစဉ်ကြိုးစည်အားထုတ် ကြိုးပမ်းနေကြရမည်မှာ တိုင်းရင်းသားအားလုံးအတွက်သမိုင်းပေး တာဝန်ကြီးပင် ဖြစ်ပါသည်"**

ဟူ၍ ဖော်ပြပါရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့သည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာအဖြစ်ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မာအောင်တည်ဆောက်ခဲ့သည်။

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာခဲ့သည့်အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ ခုနှစ်မှစ၍ ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ယနေ့နယ်စပ်ဒေသများရှိ တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများဖြစ်ထွန်းလျက် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီ ဖြစ်သည်။

ထို့ပြင် ကျေးလက်ဒေသများတွင် လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးစည်ပင်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့မျှမက တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကဏ္ဍပေါင်းစုံတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ပြည်နယ်နှင့် တိုင်းများ အားလုံးတွင် မျှမျှတတ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ် ချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေသည်။

နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ထုတ်ဖော်ကြေညာထားပြီးဖြစ်သည်။ အဆိုပါ မူဝါဒလမ်းစဉ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်သည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်အညီ တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် မမိုတ်မသုန် ဦးတည်ချီတက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ဖေဖော်ဝါရီ ၁၃ရက်ကဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း၏ (၅၇) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကလေးများ ပျော်ပွဲ ရွှင်ပွဲ၊ ကာယအလှမောင်၊ မယ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ အခမ်းအနားကို အထက(၂) ဗဟန်း၌ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ငွေးနှင့်အဖွဲ့ဝင်များက ကာယအလှမောင်၊ မယ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (မြန်မာ့အလင်း)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရှမ်းပြည်နယ်( အရှေ့ပိုင်း ) ခွဲစိတ်ကုလူနာများ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိလာရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ဆရာမများက ကြိုဆိုကြသည်။**

ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည်ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်လျက်ရှိသော မွေးရပ်ချို့ယွင်းချက်ရှိ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ လူနာများအား ခွဲစိတ်ပြုပြင်နေမှုကို ခွဲစိတ်ခန်းအတွင်းတွင် လှည့်လည်ကြည့်ရှုအားပေး၍ **(အောက်ပုံ)** လူနာတစ်ဦးချင်းအား စားစရိတ်ငွေများ ထောက်ပံ့ချီးမြှင့်သည်။

### တက်ရောက်

၎င်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်

ကလေးစောင့်ရှောက်ရေးအသင်းမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့်ကြီးကြပ်မှုကော်မတီဝင်များ၊ဖိတ်ကြားထားသောပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျိုင်းတုံပြည်သူ့ ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### လက်ခံရယူ

အစီအစဉ်အရ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားပြီး မွေးရပ်ချို့ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသရာတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအတွက် အလှူငွေများပေးအပ်ရာ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးအတွက် ကုန်ကျငွေ ကျပ်ခုနစ်သိန်းငါးသောင်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးသန်းမောင်ကလည်းကောင်း၊ ကျပ်တစ်သိန်းကိုးသောင်းနှစ်ထောင်ကို မန္တလေးပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုးနှင့် အသားအစားထိုး ခွဲစိတ်အထူးကု ဆရာဝန်ကြီးဒေါက်တာဒေါ်နုနုရီကလည်းကောင်း၊လူနာများအတွက် စားစရိတ်ထောက်ပံ့ငွေ ကျပ် ငါးသောင်းနှစ်ထောင်ကိုရှမ်းပြည်နယ်(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုင်းခမ်းလှိုင်ကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

### ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ စံပြ ကျေးရွာများအတွက် အဝတ်အထည်များ ပေးအပ်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယကဒေါ်ခင်ပြုံးဝင်းက လက်ခံပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာစိုင်းခမ်းလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့များသည် နံနက် ၁၁နာရီခန့်တွင် ပြည်သူ့ဆေးရုံကြီးမှပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော်မတီ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာ-ထိုင်းယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ အာဆီယံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ASEAN-CCI)၊မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊မြန်မာနိုင်ငံသစ်လုပ်ငန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်နယ်အသီးသီး နှင့် တနင်္သာရီတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အတူ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**

## ● *နိုင်ငံတော်မှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ညနေ ၆ နာရီခွဲတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းသို့ ရောက်ရှိလာကြရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည်(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့်ညစာစားပွဲသို့တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

### တည်ခင်းဧည့်ခံ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့တက်ရောက်လာကြသည့်ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ဇနီး၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း၊ ရေ၊လေ) တပ်မတော်အရာရှိကြီးများ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားညီလာခံ အလှည့်ကျသဘာပတိအဖွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံကြီးများမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားသတင်းဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာ့သမိုင်းအဖွဲ့၊ မြန်မာစာအဖွဲ့၊ မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ လက်ထောက် ကျန်းမာရေးမှူးများ အသင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များ အသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာများ အသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များ အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းရှင်များအသင်း၊မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ၄က်ဝါသနာရှင်အဖွဲ့၊မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ သစ်တောမိတ်ဆွေအသင်း၊ ငြိမ်းဖောင်ဒေးရှင်း (Shalom Foundation)၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုအသင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပပျောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၁၃ ကော်လံ ၆ သို့*



၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားစဉ်။ (သတင်းစဉ်)

## ■ (၅၇)နှစ်မြောက်မှ

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အလံတင်အခမ်းအနားသဘာပတိအဖွဲ့ဝင်များဖြစ်ကြသောရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၏ ကိုယ်စားလှယ် ကယားပြည်နယ်မှဦးဖေဘီယံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ရဲအရာရှိများ၊ ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းသား အသင်းသူများ ခြံရံ၍ ပြည်ထောင်စုနေ့အလံတင် အခမ်းအနားကျင်းပမည့် ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာနမှ မင်္ဂလာစည်တော်ရွမ်းကာ ပြည်ထောင်စုနေ့ အလံတော်ကို ကြိုဆိုကြပြီး နံနက်၇နာရီခွဲတွင် ပြည်ထောင်စုနေ့အလံတော်အား ပြည်နယ်အလိုက် အထိမ်းအမှတ် သင်္ကေတအမှတ်အသားများဖြစ်သည့် ကချင်ပြည်နယ်အတွက် မနောတိုင်ရုပ်ပုံ၊ ကယားပြည်နယ်အတွက် ကိန္နရာရုပ်ပုံ၊ ကရင်ပြည်နယ်အတွက် ဖားစည်ကိုကျွဲချိုနှစ်ခုဝန်းရံထားသောရုပ်ပုံ၊ ချင်းပြည်နယ်အတွက် အောက်ချင်းငှက်ရုပ်ပုံ၊ မွန်ပြည်နယ်အတွက် ဟင်္သာငှက်ရုပ်ပုံ၊ ရခိုင်ပြည်နယ်အတွက်သီရိဝစ္ဆနှင့်ခရုသင်းပုံ၊ရှမ်းပြည်နယ်အတွက် ရှမ်းအမျိုးသား အိုးစည်တီးနေသည့် ရုပ်ပုံများပါရှိသော ပန်းချီကားချပ်များ၏ရှေ့ရှိ စင်မြင့်ပေါ်မှ ငွေဖလား၌ စိုက်ထူလိုက်ပြီး (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များက စင်မြင့်ပေါ်တွင် နေရာယူကြသည်။

အဆိုပါ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဗဟိုရုံးအကြီးအကဲများ၊ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဝင်များ၊ တိုင်းနှင့်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထူးအရာရှိများ၊ ဝန်ကြီးဌာန ရုံးအဖွဲ့မှူးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်နှင့် ဌာနမှူးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းခရိုင်ဌာနဆိုင်ရာအကြီးအကဲများ၊အစိုးရမဟုတ်သောအဖွဲ့အစည်း ၁၆ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးမှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသားတိုင်းရင်းသူများ၊ပြည်တွင်းပြည်ပမှသတင်းစာဆရာများ၊ ရန်ကုန်တိုင်း/ခရိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်/ တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ပြည်နယ်/တိုင်းများမှပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၂၀၀ကျော်တို့က ပြည်သူ့ရင်ပြင်၌ တက်ရောက်နေရာယူထားကြသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာရေးနှင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားအားလုံးချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် အခမ်းအနား တက်ရောက်လာကြသည့်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုနေ့ ကျင်းပရေး လုပ်ငန်းအဖွဲ့ဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူနေရာချထားပေးသည်။

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင်မြို့နယ်များမှစုစုပေါင်းအင်အား၃၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်မြို့နယ်များမှ စုစုပေါင်းအင်အား ၅၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင်မြို့နယ်များမှစုစုပေါင်းအင်အား ၁၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင်မြို့နယ်များမှ စုစုပေါင်းအင်အား ၅၀၀ စုစုပေါင်းအင်အား ၉၅၀၀ကျော်တို့သည် ပြည်သူ့ရင်ပြင်ဂိတ်အသီးသီးမှဝင်ရောက်နေရာယူကြရာ အခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ပြည်သူလူထုစုစုပေါင်းအင်အား၁၀၇၀၀ကျော် တက်ရောက်ကြသည်။

### ဖတ်ကြားကြေညာ

ထို့နောက် နံနက် ၇ နာရီခွဲတွင် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကို စတင် ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနား အစီအစဉ်များကို အခမ်းအနားမှူး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်က ဖတ်ကြားကြေညာသည်။

### နိုင်ငံတော်အလံအလေးပြု

ရှေးဦးစွာ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင် အခမ်းအနားသို့တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ နိုင်ငံတော် စစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော် သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးအဖွဲ့ သဘာပတိအဖွဲ့ဝင်များက နေရာယူကြသည်။

### သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ၂၀၀၄ခုနှစ်(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့သည် နံနက် ၇ နာရီ မိနစ် ၅၀ တွင် ပြည်သူ့ရင်ပြင်စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့ အလံတော်အား ပြန်လည်နုတ်ယူ၍(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့အလံတင် အခမ်းအနား သဘာပတိအဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းသား အသင်းသူများ ခြံရံ၍ ပြန်လည်သယ်ဆောင်ကာ ပြည်သူ့ရင်ပြင်ရှေ့ ပြည်လမ်းမပေါ်သို့ အရောက်တွင် အသင့်စောင့်ကြိုနေသော ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်းအမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်ထံ လွှဲပြောင်းပေးအပ်သည်။

### ငွေဖလား၌စိုက်ထူ

ဆက်လက်၍ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က တပ်မတော် (ကြည်း၊ရေ၊လေ)ရဲအရာရှိကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများခြံရံ၍ သယ်ဆောင်သွားပြီး တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ဆက်လက်သယ်ဆောင်ရန် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက်ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့အလံတော်အားတပ်မတော် (ကြည်း၊ရေ၊လေ) ရဲအရာရှိများ၊ တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်သူ့ရင်ပြင်မှ တစ်နှစ်တာ ရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ပြည်လမ်းမှ ဘုန်းကြီးလမ်း၊ ထိုမှ မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေဘုရားလမ်းကို ဖြတ်ကာ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်သွားသည်။

### ပြည်ထောင်စုအလံများလွှင့်ထူ

ပြည်ထောင်စုလှေဖြင့်ပြည်ထောင်စုနေ့အလံတော် ဖြတ်သန်းသွားသည့် ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ပန်းဘဲတန်းမြို့နယ်နှင့်ကျောက်တံတားမြို့နယ် လမ်းတစ်လျှောက်မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သူနာပြုဆရာမများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ လူထုများက ပြည်ထောင်စု အလံငယ်များဝှေ့ယမ်း၍ လည်းကောင်း၊ ပြည်ထောင်စုနေ့ အလံတော် ဖြတ်သန်းသွားသည့် မြို့နယ်များ၌ “ပြည်ထောင်စုအလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏”စာတန်းပါလမ်းဖြတ်နဖူးစည်းများဖြင့် လည်းကောင်း၊ လမ်းခရီး တစ်လျှောက်ဝဲယာတစ်ဖက်တစ်ချက်တို့တွင်ပြည်ထောင်စု အလံများ၊ရောင်စုံအလံများလွှင့်ထူ၍ လည်းကောင်း၊ အစိုးရရုံးများ၊ ဈေးဆိုင်များ၊ လူနေအိမ်များ၌ ပြည်ထောင်စု အလံများလွှင့်ထူ၍ လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

### မြို့တော်ဝန်ထံလွှဲပြောင်း

ပြည်ထောင်စုနေ့အလံတော်သည် မြို့တော်ခန်းမရှေ့သို့ အရောက်တွင် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူ ရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်းအမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က ပြည်ထောင်စုလှေပေါ်သို့တက်ရောက်၍ပြည်ထောင်စုအလံတော်အား နုတ်ယူ သယ်ဆောင်လာပြီး အသင့်စောင့်ဆိုင်းနေသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ လွှဲပြောင်းပေးအပ်သည်။

### တစ်နှစ်တာရပ်နား

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စုနေ့ အလံတော်အား တပ်မတော်(ကြည်း၊ရေ၊လေ) ရဲအရာရှိများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသင်းသားအသင်းသူများခြံရံ၍ သယ်ဆောင်သွားကာ နံနက် ၈နာရီခွဲတွင် တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ဧည့်ခန်းမစင်မြင့်ရှိငွေဖလား၌ စိုက်ထူပြီး ပြည်ထောင်စုနေ့အလံတော်အား အလေးပြုကြသည်။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အစိုးရရုံးအဆောက်အအုံများ၊ ပန်းခြံများ၊ လမ်းများ၊ တံတားများ၊ ဈေးများနှင့် ကျောင်းများတွင် ပြည်ထောင်စုနေ့အလံများ လွှင့်ထူထားကြသည်။ **(သတင်းစဉ်)**

## ငွေတောင်မြေအလှ

* ငွေတောင်ဆည် ရေကြည်ဖွေးနဲ့
စိုက်ပျိုးရေး အလှဆင်။
ကယားပြည်နယ် လွိုင်ကော်မြို့
မှိုင်းညို့ပြာလွှင်။
ဘီလူးချောင်းရယ်နဲ့
ထူးချောင်းတို့ ညီနောင်လျှင်
နန့်ပွန်တွင် စုပေါင်းစည်း။
ချောင်းမြစ်တွေ သဘောညီမျှလေတော့
လောပီတ ရေတံခွန်က
ဝေသွန်ကာ အားမာန်သစ်တယ်
လျှပ်စစ်ထိန် ညီး။

* တံခွန်တိုင် ပွဲတော်ထူးပါဘိ
တန်ခူးနဲ့ ကဆုန်တွင်။
ဖားစည်ဝယ် မောင်း ပလွေ နဲ့တွေနဲ့
တအားစည်တယ် ကောင်းမွေပွဲပေမို့
ကယားပြည်နယ်ဝယ် အပေါင်းဆွေ နွဲကြရဲ့
ပွဲမြတ်သဘင်။
ယနေ့ခေတ်အခါတွင်
စုံလင်တဲ့ အလှတွေကဲ။
ပြည့်သား ဓာနည်းမွန်တို့
ပြည့်ဝန်ကို ဖြည့်သွန်ထမ်းလေတော့
အေးချမ်းကာ ဘက်စုံတိုး
မိုးမြေ ခြိမ့်သဲ။

* မြို့လွိုင်ကော် လိုက်မလားကွဲ့
ရှမ်း ကယား သွေးချင်းဆွေ
ပေါင်းစုကာနေ။
သည်မြေတစ်ဝှမ်းမှာဖြင့်
ကယန်းခေါ် ပဒေါင်ပျိုတဲ့
ဂေခိုနဲ့ ဂေဘား
အင်းသား ပရဲ ယင်းဘော်
ယင်းတလဲနော် ပကူး ကရင်နဲ့
စုံလင်စွာ တိုင်းရင်းသားတွေက
ရိုင်းပင်းအား အလှသစ်ဝေ
ဆုံဖူးပေ တစ်ခါက။
ပြန်မြင်တမ်းလျှင်ဖြင့်
သံလွင်ကမ်း သည်ဌာနေသို့
အလွမ်းပြေ ပန်းတွေမျှောချင်မိ
ချစ်သောမြေ နောင်မလွဲအောင်လို့
တောင်ကွဲ စေတီဦးကိုဖြင့်
ဖူးလိုက်ချင်လှ။ ။

ခွန်ရဲသွေး (အင်းလေး)

# ဘလဲကို ရာထူးမှနုတ်ထွက်စေလိုသူ ဗြိတိန်ပြည်သူ ၅၁ ရာခိုင်နှုန်းရှိ အင်ဒီပင်းဒင့် သတင်းစာ၏ လူထုသဘောထားစစ်တမ်း၌ဖော်ပြ

**လန်ဒန် ဖေဖော်ဝါရီ ၁၀**

ဗြိတိန်မဲဆန္ဒရှင် ၅၁ ရာခိုင်နှုန်းသည် ဝန်ကြီးချုပ်ဘလဲကို ရာထူးမှနုတ်ထွက်စေလိုကြပြီး ၅၄ ရာခိုင်နှုန်းသည် ဆက်ဒမ်ဟူစိန်၏ ခြိမ်းခြောက်မှုအနေအထားအပေါ် ဝန်ကြီးချုပ်တိုနီဘလဲ လိမ်ညာခဲ့ကြောင်း ယုံကြည်ထားကြသည်ဟု စနေနေ့ထုတ် အင်ဒီပင်းဒင့်သတင်းစာက ထုတ်ပြန်သော လူထုသဘောထားစစ်တမ်း၌ ဖော်ပြထားသည်။

ယခုသီတင်းပတ်၌ အင်အိုပီကကောက်ယူသော လူထုသဘောထားစစ်တမ်းတွင် ကွန်ဆာဗေးတစ်ပါတီက ၃၆ ရာခိုင်နှုန်း၊ လေဘာပါတီက ၃၅ ရာခိုင်နှုန်းနှင့် လစ်ဘရယ်ဒီမိုကရက်က ၂၄ ရာခိုင်နှုန်းဖြင့် လူထုသဘောကျမှုတွင် ကွန်ဆာဗေးတစ်တို့က ရှေ့မှပြေးနေသည်။

**သဘောတူ**

သဘောထားကောက်ယူခြင်းခံရသူများ၏ ထင်မြင်ချက်များကို မေးမြန်းကြည့်ရာ၌ ၅၁ ရာခိုင်နှုန်းက ဘလဲ ရာထူးမှနုတ်ထွက်ပြီး တစ်ဦးတစ်ယောက်ကို လွှဲပြောင်းပေးရန် သဘောတူကြပြီး ၃၅ ရာခိုင်နှုန်းက သဘောမတူကြပေ။

**လိမ်ညာခဲ့**

အီရတ်၏ခြိမ်းခြောက်မှုအနေအထားအပေါ် ဘလဲလိမ်ညာခဲ့ကြောင်း ထင်မြင်ကြသူအရေအတွက်မှာ ၅၄ ရာခိုင်နှုန်းရှိပြီး ၃၁ ရာခိုင်နှုန်းက ထိုသို့မထင်မြင်ကြဘဲ ကျန်ရှိသူများက မဆုံးဖြတ်နိုင်ဘဲ ရှိသည်။

**တောင်းဆို**

ယခုသီတင်းပတ်၌ တိုနီဘလဲအတွက် ကောက်ယူခဲ့သော လူထုဆန္ဒသဘောထားများသည် ထိတ်လန့်စရာ ဖြစ်ခဲ့သည်။ အီရတ်စစ်ပွဲမတိုင်မီက ဆက်ဒမ်၏လက်နက်ခြိမ်းခြောက်မှု သဘာဝအတိအကျကို မိမိမသိကြောင်း ဘလဲက ဝန်ခံခဲ့ရာ ကွန်ဆာဗေးတစ်ခေါင်းဆောင် မိုက်ကယ်ဟောင်းဝပ်က ဘလဲရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## လုံခြုံရေးအတွက်ပြင်ဆင်

**ဖေဖော်ဝါရီ ၁၁ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်ရန် ပြင်ဆင်နေကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်တို့အတွင်းသဘောထားကွဲလွဲနေမှု စိုးရိမ်ကြောင်း ကိုဖီအာနန်ပြောဆို

**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၁**

ယခုနွေရာသီ၌ အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေးတပ်ဖွဲ့ထံမှ အုပ်ချုပ်ရေးတာဝန်လွှဲပြောင်းယူမည့် ကိစ္စတွင်အီရတ်တို့အတွင်းသဘောထား ကွဲပြားခြင်းနှင့် စပ်လျဉ်း၍စိုးရိမ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

**လက်မခံ**

သို့ရာတွင် ဘဂ္ဂဒက်သို့စနေနေ့က ရောက်ရှိခဲ့သော ဇွန် ၃၀ ရက်၌ အုပ်ချုပ်ရေးမလွှဲမီရွေးကောက်ပွဲများ လုပ်နိုင်ခြင်းရှိမရှိ လေ့လာမည့် ကုလမသဂ္ဂ အဖွဲ့ကို ကောင်းကောင်းမွန်မွန်လက်ခံခဲ့ကြောင်း ကိုဖီအာနန်က ပြောဆိုသည်။

**မျှော်လင့်**

လက်ခ်ဒါဘရာဟီမီဦးဆောင်သော ကုလသမဂ္ဂအဖွဲ့သည်အီရတ်တွင် ယင်း၏လုပ်ငန်းများကို သီတင်းတစ်ပတ်အတွင်းအပြီးသတ်နိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ဖေဖော်ဝါရီလမကုန်မီ မိမိထောက်ခံချက်ပေးမည် ဖြစ်ကြောင်း သတင်းထောက်များနှင့်ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တနင်္လာနေ့၌ ပြောကြားသည်။

**စိုးရိမ်**

လုံခြုံရေးကောင်စီ၌ ပြုလုပ်သောတံခါးပိတ်အစည်းအဝေး၌အသွင်ကူးပြောင်းရေးဆောင်ရွက်မည့် အကောင်းဆုံးနည်းလမ်းအပေါ် ယခုထိသဘောတူချက်တညီတညွတ်တည်း မရသေးသည့်အတွက် မိမိစိုးရိမ်ကြောင်းသတင်းထောက်များကို မစ္စတာအာနန်ကပြောကြားသည်။

**သဘောမတူ**

အီရတ်အများအပြားက ဇွန် ၃၀ ရက်မတိုင်မီ ရွေးကောက်ပွဲများလုပ်ရန် တောင်းဆိုထားကြပြီး အခြားအီရတ်တို့က သဘောမတူကြဘဲ အီရတ်အသွင်ကူးပြောင်းရေးအဖွဲ့ဝင်များကို ရွေးချယ်ဖို့အတွက် အခြားရွေးချယ်ပိုင်ခွင့်များကို နှစ်သက်ကြကြောင်း ကိုဖီအာနန်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**




# အီရတ်၌ အဖျက်စွမ်းအားကြီးလက်နက်များရှိမရှိ ရုရှားနိုင်ငံက အသေအချာမသိခဲ့ဟုပြောဆို

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၁

**အမေရိကန်လက်နက်စစ်ဆေးရေးမှူးဟောင်း ဒေးဗစ်ကေးက မိမိတို့အားလုံးနီးပါး မှားယွင်းခဲ့ကြောင်း အတိအလင်းပြောဆိုခဲ့လင့်ကစား အီရတ်၌ အဖျက်စွမ်းအားကြီးသော လက်နက်များရှိသည်ဆိုခြင်းကို ရုရှားနိုင်ငံက အသေအချာ မသိခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီးက တနင်္လာနေ့ညပိုင်း၌ ပြောကြားလိုက်သည်။**

**ဖေဖော်ဝါရီ ၁၁ ရက်က တီကရစ်မြို့ပြင်တွင် စစ်ယာဉ်တစ်စီးဖြင့် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဦးဆောင်သော စစ်ပွဲအတွက် တရားမျှတကြောင်း အကြောင်းပြချက်ဖြစ်သည့် အီရတ်သည် သမားရိုးကျမဟုတ်သောလက်နက်များ ပိုင်ဆိုင်ထားခြင်းရှိမရှိ ဆိုခြင်းနှင့်ပတ်သက်၍ ပွက်လောရိုက်မှုသည် ဒေးဗစ်ကေးက အီရတ်တွင် ဓာတုနှင့် ဇီဝလက်နက်များ အများအပြား သိုလှောင်မထားကြောင်း မိမိယုံကြည်သည်ဟု ပြောဆိုပြီးနောက်ပိုင်းတွင် ပြန်လည်ဖြစ်ပေါ်လာခဲ့ပြန်သည်။

**ပြောကြား**

အီရတ်၌ အဆိုပါလက်နက်များ သိုလှောင်ထားသည်ဆိုသောသတင်းနှင့် စပ်လျဉ်း၍ မိမိတို့သတင်း ပြည့်ပြည့်စုံစုံ မရရှိခဲ့ကြောင်းကို ရုရှားအရာရှိများက ထပ်ကာတလဲပြောခဲ့ကြကြောင်း လူထုဆက်သွယ်ရေးနှင့်ပြုလုပ်သော နှစ်ပတ်လည်အစည်းအဝေးတွင် ရုရှားသံအမတ်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားသည်။

**ရပ်ဆိုင်းခဲ့**

အီရတ်တွင် အဖျက်စွမ်းအားကြီး လက်နက်အစီအစဉ်များ ကျန်ရှိကြောင်း သက်သေထူမည့်သတင်း မိမိတို့မရရှိကြောင်း ပြောကြားခဲ့ပြီး ယင်းအစီအစဉ်များ လုံးဝရပ်ဆိုင်းခဲ့ကြောင်း သတင်းကိုလည်း မိမိတို့မရရှိကြောင်း လက်ဗ်ရော့ဗ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အမေရိကန်နှင့်ပူးပေါင်းသူအီရတ်ရဲတပ်ဖွဲ့ဝင်များအား ပြောက်ကျားတို့၏ တိုက်ခိုက်မှုများမြင့်တက်လာ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၁**

အီရတ်နိုင်ငံ၌ အမေရိကန်တို့နှင့်ပူးပေါင်းသူ အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အပေါ်တိုက်ခိုက်မှုများ မြင့်တက်လာသည်။ ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၄၀အကွာရှိ ရဲစခန်းတစ်ခုအပြင်ဘက်တွင် ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီး အနည်းဆုံး လူ ၄၀ သေဆုံးခဲ့သည်။ ဘဂ္ဂဒက်မြို့၌လည်း ရဲအရာရှိလေးဦးအား သီးခြားဖြစ်ရပ်နှစ်ခုတွင် သေနတ်သမားများက ပစ်ခတ် သတ်ဖြတ်ခဲ့ကြသည်။

**တိုးမြင့်**

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များအနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာခြင်းကို ဖြေရှင်းရန်နည်းလမ်းရှာကြံလျက်ရှိသည်။ ထို့အပြင် အမေရိကန်တပ်ဖွဲ့များသည် အဘူမူဆတ်အယ်လ်ဇာကာဝီ အား ရှာဖွေရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**လက်စားချေ**

မကြာမီကရမိသော မှတ်တမ်းများတွင် ဇာကာဝီက အမေရိကန်တို့သည် သူရဲဘောနည်းပြီး သတ္တိကြောင်သူများဖြစ်ကြောင်း၊ ၎င်းတို့ကို ပစ်မှတ်ထားတိုက်ခိုက်ရန် လွယ်ကူကြောင်း၊ ယခုကဲ့သို့ အမေရိကန်တို့ကို သတ်ဖြတ်မှုနှင့် ဖမ်းဆီးမှုများ ပိုမိုဆောင်ရွက်နိုင်မှသာ အီရတ်များအတွက် လက်စားချေနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **(စီအင်န်အင်န်)**

# လွတ်လပ်သည့်ကုန်သွယ်ရေးဒေသထူထောင်ရန် အိန္ဒိယအပါအဝင် အာရှခြောက်နိုင်ငံသဘောတူညီ

ဖူးကက် ဖေဖော်ဝါရီ ၁၀

**လူသန်း ၂၀၀၀ နီးပါး အကျုံးဝင်သော လွတ်လပ်သည့်ကုန်သွယ်ရေးဒေသ ထူထောင်ရန် အိန္ဒိယအပါအဝင် အာရှခြောက်နိုင်ငံက တနင်္ဂနွေနေ့၌ သဘောတူလိုက်ကြသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက လျော်ကြေးပေးရေးကိစ္စကို တင်ပြခဲ့သည်။**

အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် ၂၀၁၇ ခုနှစ်တွင် လွတ်လပ်သော ကုန်သွယ်ရေးဒေသ၌ ကုန်ကျစရိတ် နှိမ့်ချပေးရေးတို့ကို သဘောတူလက်မှတ်ထိုးခဲ့ကြသည်။

တောင်နှင့် အရှေ့တောင်အာရှနိုင်ငံ၏ အသစ်လွင်ဆုံး အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘူတန်နှင့် နီပေါနိုင်ငံတို့ကလည်း ပူးပေါင်းရန် သဘောတူကြသည်။ အကောက်ခွန်နှုန်းထားနှိမ့်ချခြင်းသည် စက်မှုကုန်ထုတ်လုပ်မှုကို ထိခိုက်မည်စိုးရိမ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံက လျော်ကြေးပေးရေးကိစ္စကို ဖြေရှင်းပြီး သဘောတူချက်ကို ဝန်ကြီးအဖွဲ့က အတည်ပြုပြီးမှသာ လက်မှတ်ထိုးမည်ဟု ပြောဆိုခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

## အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ အီရတ်တွင် သေဆုံးခဲ့ရမှု

အီရတ်နိုင်ငံတွင် ရက်သတ္တပတ်တိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင် ပျမ်းမျှ သုံးဦးမှ ခြောက်ဦးထိ သေဆုံးလျက်ရှိပြီး ၄၀ခန့် ဒဏ်ရာရရှိခဲ့သည်။ မကြာသေးမီ လများအတွင်း၌ ပျမ်းမျှတိုက်ခိုက်မှုသည် တစ်ပတ်လျှင် ၁၅ ကြိမ်နှင့် ၂၀ ကြားရှိမြဲရှိခဲ့သည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ပိုမို ခေတ်မီဆန်းပြားသော လက်နက်များကိုအသုံးပြုကာ တိုက်ခိုက်လျက်ရှိသည်။

၂၀၀၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဘဂ္ဂဒက်မြို့ရှိ လမ်းတစ်လမ်းပေါ်တွင် လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

### ၁၁-၂-၂၀၀၄ အထိ အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ သေဆုံးခဲ့ရမှု

| နိုင်ငံ | တိုက်ပွဲ | အခြားဖြစ်စဉ် | စုစုပေါင်း |
|---|---|---|---|
| အမေရိကန် | ၃၆၉ | ၁၆၆ | ၅၃၅ |
| ဗြိတိန် | ၂၀ | ၃၉ | ၅၉ |
| အပေါင်းပါနိုင်ငံများ | ၃၅ | ၆ | ၄၁ |
| **စုစုပေါင်း** | **၄၂၄** | **၂၁၁** | **၆၃၅** |

၂၀၀၃ ခုနှစ် ဇူလိုင် ၁၆ ရက်က ဘဂ္ဂဒက် အနောက်ဘက် အဘူဂရိပ်မြို့ရှိ လမ်းပေါ်တွင် စစ်ယာဉ်တန်း ဖြတ်သန်းစဉ် ဗုံးပေါက်ကွဲခဲ့ရာ ဒဏ်ရာရရှိခဲ့သော အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်က အီရတ်နိုင်ငံ ဆာမာရာမြို့တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ ပျက်စီးသွားသောမော်တော်ယာဉ်များကို တွေ့ရစဉ်။ (ယင်းကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က မိုဆူးလ်မြို့တွင် အီရတ် ရဲစခန်းတစ်ခုကို ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မီးလောင်နေသည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် ဩဂုတ်လ ၇ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်စစ်ယာဉ်တစ်စီး ဒုံးကျည်တစ်စင်းထိမှန်ခဲ့ရာ ဒဏ်ရာရရှိသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

13-2 (6).p65 1 3/24/05, 10:15 PM

**(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက် ရန်ကုန်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

| ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **စိုက်ပျိုးရေး** | | |
| ဆည်/တမံ | - | ၁၂ |
| မြစ်ရေတင် | - | ၁၈ |
| မြေအောက်ရေတင်လုပ်ငန်း | - | ၅၀၀ |
| စက်ရေတွင်း | - | ၅၀၀၀ |
| **လမ်းပန်းဆက်သွယ်ရေး** | | |
| ကတ္တရာလမ်းမိုင် | ၁၃၆၃၅ | ၁၈၁၁၂ |
| ကျောက်ချောလမ်းမိုင် | ၁၂၀ | ၂၁၀ |
| မြေသားလမ်းမိုင် | ၂၀ | ၁၈၂ |
| တံတား(ပေ၁၈၀အထက်) | ၃ | ၂၃ |

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် ရန်ကုန်မြို့၏မြင်ကွင်း။



ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ပေါင်းကူး ဆက်သွယ်ပေးသည့် မဟာဗန္ဓုလတံတား။

ရန်ကုန်မြို့ လှိုင်မြို့နယ်၌ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ထားသော မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံကို တွေ့ရစဉ်။

| ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **ဆက်သွယ်ရေး** | | |
| စာတိုက် | ၃၈ | ၁၀၁ |
| ကြေးနန်းရုံး | ၈ | ၄၈ |
| အော်တိုတယ်လီဖုန်းစခန်း | ၄ | ၃၇ |
| အော်တိုရေဒီယိုတယ်လီဖုန်းစခန်း | - | ၂ |
| ဆယ်လ်လူလာတယ်လီဖုန်းစခန်း | - | ၇ |
| စီဒီအမ်အေတယ်လီဖုန်းစခန်း | - | ၈ |
| ဂျီအက်စ်အမ်တယ်လီဖုန်းစခန်း | - | ၁၈ |
| မိုက်ကရိုဝေ့ဗ်စခန်း | ၉ | ၂၀ |
| **စက်မှုလုပ်ငန်း** | | |
| စက်မှုဇုန် | - | ၁၀ |
| စက်ရုံ၊အလုပ်ရုံ | - | ၅၉၆၀ |
| **လျှပ်စစ်ဓာတ်အား** | | |
| တိုးတက်ထုတ်လုပ်နိုင်သည့်မဂ္ဂါဝပ် | - | ၃၉၈ |
| **ပြန်ကြားရေး** | | |
| ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ | ၁ | ၂ |
| ပြန်/ဆက်ရုံး | - | ၄၅ |
| စာကြည့်တိုက် | - | ၄၅ |
| **ပညာရေး** | | |
| အခြေခံပညာကျောင်း | ၂၃၇၃ | ၂၆၄၄ |
| သင်ထောက်ကူစာသင်ခန်း | - | ၁၆၅ |
| တက္ကသိုလ်၊ ကောလိပ် | ၁၀ | ၃၁ |
| **ကျန်းမာရေး** | | |
| ဆေးရုံ | ၃၆ | ၆၅ |
| တိုင်းရင်းဆေးရုံ | - | ၁ |
| ဒေသန္တရကျန်းမာရေးဆေးခန်း | ၂၃ | ၂၈ |

**ဓာတ်ပုံမှတ်တမ်း ထွေးကြည် (မြန်မာ့အလင်း)**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန် အမှတ်(၃)ရှိ စက်ရုံ၊အလုပ်ရုံများမှ ပြည်ပပို့ကုန်များ၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသည်။

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားဖြင့် ခေတ်မီစက်မှုနိုင်ငံတော်သစ်ဆီသို့ ချီတက်မည်

**မောင်မောင်စိုးအောင်**

## ခေတ်မီစက်မှုနိုင်ငံတော်သစ်ဆီသို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံတော်ကြီးအဖြစ် ထူထောင် လျက် ရှိသည်။ တစ်ချိန်က ကိုလိုနီ နယ်ချဲ့စနစ်ဆိုးကြောင့် တိုင်းပြည်ပြာပုံအတိ ဖြစ်ခဲ့ရဖူးပြီ။ နယ်ချဲ့တို့၏ ကျူးကျော်မှုကို ပြန်လည်တွန်းလှန်ကာကွယ်နိုင်ရန် ကုန်းဘောင်ခေတ် ပဒေသရာဇ် နိုင်ငံတော်ကို အိမ်ရှေ့စံကနောင်မင်းသားကြီးက စက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရန် ကြိုးပမ်းခဲ့သေးသည်။ မန္တလေး မင်းနေပြည်တော်တွင် ဒင်္ဂါးစက်ရုံ၊ လက်နက်စက်ရုံ၊ ရက်ကန်းစက်ရုံ၊ သကြားစက်ရုံ၊ ဆန်စက်ရုံ၊ မဲနယ်စက်ရုံစသည့် စက်ရုံပေါင်း ၅၀ကျော် တည်ဆောက်ပြီး ကိုလိုနီ နယ်ချဲ့ရန်ကို ကာကွယ်ရန် ကြိုးစားခဲ့သေးသည်။ သို့သော် ကိုလိုနီ နယ်ချဲ့တို့က လက်ဦးမှုယူကာ မြန်မာ့စက်မှုနိုင်ငံတော် ဖြစ်တည်ရေးကို ရိုက်ချိုးဖျက်ဆီးပစ်ခဲ့ရုံမျှမက မြန်မာ့ဦးစွန်း အနောက် သို့ ယွန်းစေခဲ့သည်။ နယ်ချဲ့ဆိုးမွေကား မြန်မာ့ပဒေသရာဇ်ခေတ်မှသည် ၁၉၈၈ခုနှစ် အရေးအခင်းသို့တိုင် ရှင်သန်ဆဲ၊ ဒုက္ခပေးမြဲဖြစ်သည်။

၁၉၈၈ခုနှစ် အရေးအခင်းကြောင့် နိုင်ငံတော်ယန္တရားရပ်ဆိုင်းခဲ့ရသော နိုင်ငံ့ စီးပွားရေးကို ပြန်လည်တည့်မတ်နိုင်ရန် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများကို ဦးစားပေး တည်ဆောက်ခဲ့ရသည်။

ထိုစဉ်က ပုဂ္ဂလိကလုပ်ငန်းရှင် များမှာလည်း ပန်းပဲဖို အဆင့်၊ သာမန် တွင်ခုံ အဆင့်မျှသာဖြစ် သည်။ အသေးစားစက်မှု လုပ်ငန်းရှင်များမှာလည်း တစ်နိုင်ငံလုံးတွင် ပြန့်ကျဲကာ အရင်းအနှီး နည်းနည်း အတတ်ပညာ ဆင်းဆင်းရဲရဲဖြင့် လုပ်ကိုင် စားသောက်နေရသည်။ ခေတ်မီစက်မှုနိုင်ငံတော် ထူထောင်နိုင်မှ လူနေမှု အဆင့် မြင့်မားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ကို သိမြင်သော နိုင်ငံတော်အစိုးရက နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုကဏ္ဍဖွံ့ဖြိုးရေး ဦးစားပေး လုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နိုင်ငံတော်အတွင်း ပြန့်ကျဲနေသော စက်မှုလက်မှုလုပ်ငန်းများကို ပြည်နယ်/တိုင်းအလိုက် စုစည်းကာ စက်မှုဇုန်များအဖြစ်ထူထောင်စေခဲ့ရာ စက်မှုဇုန် ၁၉ ဇုန်ကို စနစ်တကျ စုစုစည်းစည်း ခိုင်ခိုင်မာမာ ထူထောင်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ငွေကြေးအရင်းအနှီးကြောင့် စက်မှုလုပ်ငန်း မဖွံ့ဖြိုး မတိုးတက်ခြင်း မရှိရအောင် စက်မှုလုပ်ငန်းရှင်များလိုအပ်သော ငွေကြေးအရင်းအနှီးများကို ပံ့ပိုးပေးနိုင်ရန် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်များကို ထူထောင်ပေးပြီး အတိုးနှုန်းသက်သာစွာဖြင့် ငွေ ထုတ်ချေးနိုင်ရန် စီစဉ်ပေးခဲ့သည်။

နိုင်ငံတော်က အရင်းအနှီး အတွက် ငွေထုတ်ချေးရုံသာမက ခေတ်မီ နည်းပညာ ရရှိစေရေး အတွက် လိုအပ်သော စက်မှု သင်တန်းများ လည်း ဖွင့်လှစ်ပေးကာ နည်းပညာ ဖွံ့ဖြိုးရေး အားပေးခဲ့သည်။ ပြည်တွင်းစက်မှုနည်းပညာနှင့် လုံလောက်မှု မရှိဟု ယူဆရသော နည်းပညာများ အတွက် ပြည်ပသို့ စေလွှတ်ကာ လေ့လာဆည်းပူး သင်ယူစေခြင်းဖြင့် နည်းပညာဖွံ့ဖြိုးရေး ပံ့ပိုးပေးသည်။

ကမ္ဘာနှင့်အဝန်း လျင်မြန်စွာပြောင်းလဲတိုးတက်လာသော သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အမီလိုက်နိုင်ရန် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်များအပြင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကိုပါ တိုးချဲ့ဖွင့်လှစ်ပြီး အဆင့်မြင့်နည်းပညာရပ်များကို သင်ကြားလေ့ကျင့်ပေးလျက် ရှိသည်။

ပြည်ထောင်စုကြီး နယ်မြေဒေသအနှံ့တွင် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မှ ခေတ်မီစက်မှုနိုင်ငံတော် ထူထောင်အောင်မြင်နိုင်မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးကလည်း နိုင်ငံတော်နှင့် ပူးပေါင်း လက်တွဲပါဝင်လျက်ရှိသည်။

တည်ဆောက်ပြီး တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများနှင့် နိုင်ငံတော်၏ ကြွယ်ဝလှသည့် ရေသယံဇာတ၊ မြေသယံဇာတများကလည်း စက်မှုနိုင်ငံထူထောင်ရာတွင် အရေးပါလှသည်။

ဤကဲ့သို့ ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးရေးကို နိုင်ငံတော်ကအားပေးစီမံဆောင်ရွက်ပေးနေသည့်နည်းတူ နိုင်ငံတော်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များကပါ ထိထိမိမိ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေ သဖြင့် စက်မှုကဏ္ဍမှာ တိုးတက်သည်ထက် တိုးတက်လာလျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာကြည့်မည်ဆိုလျှင် ပထမကာလတို ငါးနှစ်စီမံကိန်း၌ တစ်နှစ်ပျမ်းမျှ ၉ ဒသမ ၀ ရာခိုင်နှုန်း၊ ဒုတိယကာလတို ငါးနှစ်စီမံကိန်း၌ တစ်နှစ်ပျမ်းမျှ ၁၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် တတိယကာလတို ငါးနှစ်စီမံကိန်း၏ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းနှင့် ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဒီဇင်ဘာလအထိ ၁၈ ရာခိုင်နှုန်း အသီးသီးတိုးတက်လျက်ရှိသည်။

**ရိတ်သိမ်းခြွေလှေ့စက်**

**အမှတ်(၂)စက်မှု ဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သော ရိတ်သိမ်းခြွေလှေ့စက်။**

## လက်မှုလယ်ယာမှစက်မှုလယ်ယာသို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ အချိန်ကုန်သက်သာပြီး ကုန်ထုတ်လုပ်မှုစရိတ်လျော့ကျစေရန် ထွန်ယက်မှုနှင့် ရိတ်သိမ်းခြွေလှေ့မှုတို့အတွက် ခေတ်မီစက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရသော် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရောက်ရှိရေးအတွက်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်မျိုးသားလုံး၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့သုံးစွဲရေးသည်လည်း အရေးပါသောအချက်တစ်ချက်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အနှစ်၃၀ နှစ်ရှည် ပညာရေးစီမံကိန်းတို့ကို ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယနေ့ကာလတွင် နိုင်ငံတော်၌ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာ လျက်ရှိ

**အမှတ်(၂)စက်မှု ဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သော ရော(၁) လက်တွန်းလယ်ထွန်စက်။**

သည်။ ကျေးလက်ပြည်သူတို့၏ သားသမီးများသည် ပညာဆည်းပူးမှုများပြားလာသဖြင့် လယ်ယာ လုပ်သားအင်အား လျော့နည်းလာလျက်ရှိသည်။ ထို့ကြောင့် လယ်ယာကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးကို မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လာသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက်-

- တောင်သူလယ်သမားများ စိတ်ကြိုက်ဖြစ်မည့် စက်ကိရိယာများ ထုတ်လုပ်ရန်လိုကြောင်း။
- အချိန်ကုန်သက်သာပြီး ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချရန်အတွက် ထွန်ယက်မှုနှင့် ရိတ်သိမ်းခြွေလှေ့မှုတို့အတွက်လိုအပ်သည့် စက်ကိရိယာများ ထုတ်လုပ်ပေးရမှာဖြစ်ကြောင်း။
- တောင်သူလယ်သမားများအတွက်အသုံးတည့်မည့် ရိတ်သိမ်းခြွေလှေ့စက် ကို အောင်မြင်စွာ ထုတ်လုပ်ပေးနိုင်ရန် လိုအပ်နေကြောင်း။
- စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရရှိရေး၊ သီးနှံအထွက်ကောင်းမျိုးသုံးစွဲရေး၊မြေဩဇာများတိုးချဲ့သုံးစွဲရေး၊ လယ်ယာ

# (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့
# ဂုဏ်ပြုဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

## နိုင်ငံတစ်ဝန်းစက်မှုကဏ္ဍာ ဖွံ့ဖြိုးတိုးတက်မှုများ

| စက်မှုလုပ်ငန်း | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| တည်ထောင်ပြီးစက်မှုဇုန်များ | – | ၁၉ |
| နိုင်ငံပိုင်စက်ရုံများ | ၅၆၇ | ၇၂၃ |
| သမဝါယမပိုင်စက်ရုံများ | ၁၃၉ | ၁၅၇ |
| ပုဂ္ဂလိကစက်ရုံများ | ၃၉၁၅၉ | ၄၄၇၄၉ |
| လယ်ယာကုန်ထုတ်စက်ရုံ | ၁၅၃ | ၁၈၉ |

**ခွဲလယ်ထွန်စက်**

**အမှတ်(၂)စက်မှု ဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လယ်ယာသုံး စက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သော ခွဲလယ်ထွန်စက်။**

**ကျောက်ဆည်မြို့ အင်းကုန်းကျေးရွာရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ။**

သုံးစက်ကိရိယာများ တိုးချဲ့သုံးစွဲရေးအပိုင်းများတွင် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

– တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းမှု၊ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုတို့သည် မရှိမဖြစ်လိုအပ်ကြောင်း။

လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စက်မှုလယ်ယာဦးစီးဌာနသည် လယ်ယာကဏ္ဍာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ထွန်ယက် စိုက်ပျိုးရိတ်သိမ်းခြွေလှေ့လုပ်ငန်းများကို အငှားလိုက်စနစ်အဖြစ် ဆောင်ရွက်ခြင်း၊ မြေယာဖော်ထုတ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးရေးသင်တန်းများ ဖွင့်လှစ်ခြင်း စသည်တို့ကိုဆောင်ရွက်ပေးလျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာနသည် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေး စက်ရုံလေးရုံနှင့် တပ်ဆင်ရေးအလုပ်ရုံတစ်ရုံတို့ဖြင့် နှစ်စဉ် လက်တွန်းထွန်စက် ၆၀၀၀၀ ကို ထုတ်လုပ်ဖြန့်ဖြူးရန် လျာထား ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ခုနှစ် တတိယ လေးလပတ်အတွင်းလယ်ယာ(၁၆) လက်တွန်း ထွန်စက် ၂၅၆၀ ကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာတွင် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံကို တည်ဆောက်ဖွင့်လှစ်ခဲ့ရာ တစ်နှစ်လျှင် လက်တွန်း ထွန်စက်စီးရေ ၁၀၀၀၀ နှင့် စပါးရိတ်စက် ၅၀၀၀ လျာထားထုတ်လုပ်ပေးလျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာနသည် အဓိကသီးနှံများဖြစ်သော စပါး၊ ကြံ၊ ဝါ၊ ဆီထွက်သီးနှံများအပါအဝင် အထူးအထွက်တိုးသီးနှံ (၁၀)မျိုးနှင့် အခြားစက်မှုကုန်ကြမ်း သီးနှံများအပြည့်အဝ စိုက်ပျိုးနိုင်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးတို့အတွက် စက်အားဖြင့် မြေပြုပြင်ထွန်ယက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်၏ အဓိကစီးပွားရေး လုပ်ငန်းကြီးဖြစ်သည်။ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန် လယ်ယာ စိုက်ပျိုးရေးကဏ္ဍာကို အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားအောင် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာစေရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး တက်ညီလက်ညီ ကြိုးပမ်းလျက်ရှိပေသည်။

တည်ထောင်ပြီး စက်မှုဇုန်များကလည်း စက်မှုလယ်ယာကဏ္ဍာကို အထောက်အကူပြုသည့် စပါးခြွေလှေ့စက်၊ အခြောက်ခံစက်၊ ရိတ်သိမ်းစက်၊ လက်တွန်းထွန်စက်၊ မျိုးစေ့ချစက်၊ ရေစုပ်စက်၊ ရေတင်စက်၊ လယ်ယာသုံး ထော်လာဂျီ၊ ဆီကြိတ်စက်၊ ဆန်ကြိတ်စက်နှင့် လျှပ်စစ် တာဘိုင်စက်များကို ထုတ်လုပ်နေသည့်နည်းတူ ဂျစ်ကား၊ လိုက်ထရပ်၊ ဝက်ဂွန်၊ နှစ်ခန်းတွဲမော်တော်ယာဉ်များလည်း ထုတ်လုပ်နေပြီဖြစ်သည်။

ယနေ့ကာလတွင် မြန်မာ့စက်မှုကဏ္ဍာသည် ယခင်ကနှင့်မတူ ထူးခြားစွာ တိုးတက်အောင်မြင်မှုများရရှိနေပြီဖြစ်ရာ နိုင်ငံတော်၏ ဦးဆောင်မှုအောက်ဝယ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်လျက် ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝစွာဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပါက ခေတ်မီစက်မှုနိုင်ငံတော်သစ်ဆီသို့ မလွဲမသွေ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကျောက်ဆည်စက်မှု ဒေသရှိ တစ်နေ့ တန်၅၀၀ ကျ ဘိလပ်မြေ စက်ရုံ(ကျောက်ဆည်)ကို တွေ့ရစဉ်။**



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ အချိန်ကုန်သက်သာပြီး ကုန်ထုတ်လုပ်မှုစရိတ်လျှော့ကျစေရန် ထွန်ယက်မှုနှင့် ရိတ်သိမ်းခြွေလှေ့မှုတို့အတွက် ခေတ်မီ စက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရသော် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း ရောက်ရှိရေးအတွက်ဖြစ်သည်။

## ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း ဆုထူးပန် ပရိယတ္တိ စာသင်တိုက်ပရိဝုဏ်အတွင်းရှိ မူလစေတီတော်နှင့် ဆုထူးပန် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်၏ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဆင်းတုတော်များအား ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ၄ရက်က ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက စေတီတော်ကြီးအား ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြပြီး ဆုထူးပန်ဆရာတော်ထံမှ တရားဒေသနာများနာကြားကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

## သားငါးပွံ့ဖြိုး ပြည်အကျိုး

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ချစ်ခင်လေးစားကြပါတယ်

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

သူတို့တစ်တွေဟာ နိုင်ငံပေါင်းစုံကနေ မြန်မာနိုင်ငံကိုလာကြတယ်။ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အင်ဒိုနီးရှား၊ ဂျပန်၊ နယ်သာလင်၊ စင်ကာပူ၊ ထိုင်း၊ ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ဗာနော့တူ၊ ဗီယက်နမ်စတဲ့နိုင်ငံတွေက လာကြတာပါ။ ကမ္ဘာမှာ နာမည်ကြီးတဲ့ တက္ကသိုလ်တွေက လာကြတာပါ။ လန်ဒန်တက္ကသိုလ်၊ ကော်နယ်တက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်၊ မိချီဂင်တက္ကသိုလ်၊ ဩစတြေးလျအမျိုးသားတက္ကသိုလ် (ANU)၊ ဆစ်ဒနီတက္ကသိုလ်၊ ကင်ဘာရာတက္ကသိုလ်၊ ဒါကာ တက္ကသိုလ်၊ ကနေဒါနိုင်ငံမက်ဂျီးတက္ကသိုလ်၊ ပြင်သစ် EFEOတက္ကသိုလ်၊ ဂျာမနီဟမ်ဘိုးတက္ကသိုလ်၊ ဂျပန်တိုကျိုတက္ကသိုလ်၊ နယ်သာလင်လီအီဒင်တက္ကသိုလ်၊ စင်ကာပူအမျိုးသားတက္ကသိုလ်၊ တရုတ်(တိုင်ပေ) ဆိုချိုတက္ကသိုလ်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ် အစရှိတဲ့ တက္ကသိုလ်ကြီးတွေက ပါရဂူဘွဲ့ရ ပါမောက္ခများ၊ သုတေသီများနဲ့ လေ့လာသူတွေပါ။ သူတို့တစ်တွေဟာ မြန်မာနိုင်ငံရဲ့ ရှေးရိုးဓလေ့ထုံးစံယဉ်ကျေးမှုတွေကို ချစ်ခင်နှစ်သက်မြတ်နိုး လေးစားကြလို့ သူတို့ လာရောက်လေ့လာဖို့နဲ့ သူတို့ မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး လေ့လာချက်တွေကို တင်ပြဆွေးနွေးကြဖို့ သူတို့စရိတ်နဲ့သူတို့ လာကြတာ ဖြစ်ပါတယ်။

တချို့နိုင်ငံကြီးတွေက အစိုးရတွေကတော့ သူတို့မြန်မာနိုင်ငံကို ဒီလို လာရောက်ကြတာကို အားမပေးကြဘူး၊ မနှစ်မြို့ကြဘူး။ ဒါကိုသူတို့က ဂရုမစိုက် အလေးမထားကြဘူး။ မြန်မာနိုင်ငံကို ချစ်ခင်လေးစားမှုက သူတို့အစိုးရရဲ့ စိတ်နေသဘောထားကို ကျော်လွှားနိုင်ခဲ့တယ်။ ဒါဟာသမိုင်းနဲ့ယဉ်ကျေးမှုအစဉ်အလာကြီးမားတဲ့ မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင်လုပ်လို့ မရနိုင်ကြောင်း သက်သေသာဓက ပြလိုက်တာပဲဖြစ်တယ်။

သူတို့က ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့မှာကျင်းပခဲ့တဲ့ Conference on Traditions of Knowledge of Southeast Asia ကိုစိတ်ရောကိုယ်ပါ အင်တိုက်အားတိုက်တက်ရောက်ဖို့ လာရောက်ကြတာပဲဖြစ်ပါတယ်။ ဒီကွန်ဖရင့်မှာ စာတမ်းပေါင်း ၄၅စောင် တင်သွင်းဆွေးနွေးကြတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး စာတမ်း၃၄ စောင်ဖတ်ကြားတင်ပြကြတယ်။ ဒီစာစောင်တွေအနက် နိုင်ငံပေါင်းစုံက ၂၂စောင်ပြုစုတင်ပြကြတယ်။ မြန်မာနိုင်ငံက ၁၂စောင်တင်ပြတယ်။ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတို့ကို ဘယ်လောက်စိတ်ပါဝင်စားကြတယ်ဆိုတာ သိနိုင်တယ်။ ဒီလိုသုတေသနစာတမ်းတွေ ပြုစုတင်ပြနိုင်ဖို့ သူတို့တစ်တွေ မြန်မာနိုင်ငံကို အကြိမ်ကြိမ်လာရောက် လေ့လာကြရပါတယ်။

သူတို့စာတမ်းတွေဟာ ဘာသာရေး၊ ယဉ်ကျေးမှုအနုပညာစာပေ၊ ကရင်နဲ့ ရှမ်းစတဲ့တိုင်းရင်းသားများ၊ တိုင်းရင်းဆေးပညာ၊ မြန်မာ့သမိုင်း၊ မြို့ပြတည်ဆောက်ပုံ၊နတ်ကိုးကွယ်မှု၊ မြန်မာ-ထိုင်းဆင်စီးချင်းထိုးပွဲစတဲ့ ကဏ္ဍပေါင်းစုံကို လေ့လာတင်ပြထားပါတယ်။ မြန်မာ့အကြောင်းသူတို့က ကျွန်တော်ထက် ပိုမိုနားလည်သိရှိခံစားထားပါတယ်။ သူတို့ရဲ့ မြန်မာအပေါ် ချစ်ခင်မြတ်နိုးမှုကို ကျွန်တော်လေးစားချီးကျူးမိတယ်။ အများသိနိုင်ဖို့ သူတို့ဆွေးနွေးတဲ့ စာတမ်းတချို့ ခေါင်းစဉ်တွေကို ဖော်ပြမယ်။

ဘာသာရေးနဲ့ပတ်သက်လို့ ပြင်သစ်နိုင်ငံက သုတေသီ Dr. Guy Lutreigt ရဲ့ " A country modeled by Buddhist Traditions "၊ချီကာဂိုတက္ကသိုလ်က သုတေသီ Mr. Jason Ardrew Carbinen ရဲ့ When the "Thread does't snap" : Lineage, Continuity and Tradition From a Shwegyin Perspective စာတမ်းတွေမှာ တင်ပြထားပါတယ်။

ယဉ်ကျေးမှုအနုပညာစာပေနဲ့ ပတ်သက်ပြီးတော့ ကော်နယ်တက္ကသိုလ်က ကထိကဒေါ်စန်းစန်းနှင်းထွန်းရဲ့ "The Role of Knowledge in Myanmar Language Instruction"၊ အမေရိကန် Denision University က သုတေသီ Ms. Alexandra Green ရဲ့ The Denision University Collection of Myanmar Art "Acquisition and Analysis"၊ အမေရိကန် Stadtner& Associatesက သုတေသီ Mr. Donald M. Stadtner ရဲ့ "The Fallacy of Pyu Art"၊ ဂျာမနီ Humboldt Universityက Dr. Annemrie Esche ရဲ့ "The Tradition of Reference Books in Myanmar and the Challenges of The Present Time. "ဂျပန် Kinki University က ပါမောက္ခ Dr.Takahito Onishi ရဲ့ "Harp of Myanmar and the Southeast Asian influence on the modern Japanese minds"တွေမှာ လေ့လာတင်ပြထားတာ တွေ့ရပါတယ်။

မြန်မာတိုင်းရင်းသားများနဲ့ပတ်သက်ပြီး ဂျပန်ဟီရိုရှီးမားတက္ကသိုလ်က ပါမောက္ခ Dr. Takatani Michioရဲ့ "Ethnic Identity and Knowledge of Shan"၊ ဂျပန်တိုကျိုတက္ကသိုလ်က သုတေသီ Mr Ikeda Kazuto ရဲ့ "Various Versions of the Kayin History Knowledge of the Part among the Buddhist and Christian Kayin" နဲ့ စင်ကာပူ အမျိုးသားတက္ကသိုလ်ကသုတေသီ Dr. Sun Laichen ရဲ့ "Histories of Gwe, Gueo, Kui Peoples in Mainland Southeast Asia" (ကွေ့ရှမ်း)တွေမှာ သူတို့သုတေသနပြုထားတာတွေကို တင်ပြကြတယ်။

မြန်မာတိုင်းရင်းဆေးပညာအကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာ တက္ကသိုလ်က ပါမောက္ခ Dr. Chowdhury Anwar Husain ရဲ့' "Indigenous Medical Knowledge: Myanmar"မှာ တင်ပြထားပါတယ်။

မြန်မာ့သမိုင်းနဲ့ပတ်သက်၍ ပြင်သစ်နိုင်ငံ Eooledes Hautes Etudesen Sciences Sociales က Dr. Aurore Candierရဲ့ " Imagination and Knowledge : Some comments on rumours in the mid-nineteenth century Konbaung Court" နယ်သာလန်နိုင်ငံ Leiden University က Dr. Wil O.Dijkn ရဲ့ "Life in Seventeenth Century Myanmar through Dutch Eyes"၊ ထိုင်းနိုင်ငံ Chulalongkarn University က Dr. Sunait Chutintaranondရဲ့ "The Rite of Elephant Duel in Thai-Myanmar Military History " တို့မှာ စိတ်ဝင်စားဖွယ်ရာ တင်ပြသွားကြတယ်။

ရှေးခေတ်မြို့ပြ တည်ဆောက်ပုံနဲ့ပတ်သက်ပြီး လန်ဒန်တက္ကသိုလ်က Dr. Elizabeth Moore ရဲ့ "Ancient Knowledge and use of landscape in Walled Settlements in Lower Myanmar"၊ ဆစ်ဒနီတက္ကသိုလ်က သုတေသီ Mr. Bob Hudson ရဲ့ "Myanmar's Early Ruban Centres: Some Propasals for Computer Mapping and Analysis of archaeological data" တို့မှာ သုတေသနပြု ဖော်ပြထားပါတယ်။ သူက ကျွန်တော်ပြောပြတဲ့ မင်းတိုင်ပင်ရွာအနီး ဆင်ရှင်ရွာမှာရှိတဲ့ ရှေးမြို့ဟောင်းမြို့ရိုးအဝိုင်းကို သွားရောက်ဖော်ထုတ်လေ့လာလိုကြောင်း ပြောသွားတယ်။

နတ်ကိုးကွယ်မှုနဲ့ ပတ်သက်လို့ ပြင်သစ်နိုင်ငံ CNRS ဌာနမှ Dr. Benedicte Brac dela Perriere က "Ritual as knowledge and its transmission concerning the Cult of the Thirty-seven Lords" စာတမ်းကို ဖတ်ကြားတင်ပြသွားတယ်။

ဒီနိုင်ငံပေါင်းစုံက သုတေသီပညာရှင်များဟာ အစည်းအဝေးခေတ္တနားပြီး ကော်ဖီသောက်ချိန်၊ နေ့လယ်စာစားချိန်တွေမှာ စကားပြောချိန်ရကြပါတယ်။ သူတို့က မြန်မာနိုင်ငံကို တကယ်ချစ်ကြည်လေးစားကြတယ်။ နောက်ထပ်လဲ လာရောက်လေ့လာကြမယ်လို့ ပြောတယ်။ သူတို့နိုင်ငံအသီးသီးမှာ မြန်မာ့သမိုင်းနဲ့ ယဉ်ကျေးမှုအစဉ်အလာ မြင့်မားမှုကို ဟောပြောရေးသားတင်ပြနေကြတဲ့ မိတ်ဆွေကောင်းများဖြစ်တယ်။ သူတို့အစိုးရရဲ့ ပေါ်လစီသဘောထားက ဘယ်လိုပဲရှိရှိ မြန်မာနိုင်ငံကို ချစ်ခင်နေကြမှာသာ ဖြစ်ပါတယ်။

ဒီအချက်ကို တင်ပြလိုတဲ့အတွက် ဒီဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သားများအနေနဲ့လဲ မိမိနိုင်ငံအတွက် ဝမ်းသာဂုဏ်ယူကြဖို့ တင်ပြခြင်းဖြစ်တယ်။ ကျွန်တော်တို့တစ်တွေ မိမိနိုင်ငံအကြောင်းကို ပိုမိုသိရှိမြတ်နိုးကြပြီး ပိုမိုလေ့လာရေးသားကြဖို့ ဖြစ်ပါတယ်။

ဒီကွန်ဖရင့်မှာ မြန်မာဘက်က အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၊ ဒေါက်တာသော်ကောင်း၊ ဒေါက်တာ ခင်မောင်ညွှန့်၊ ပါမောက္ခဦးထွန်းအောင်ချိန်၊ ဒေါ်နီနီမြင့်၊ ဒေါ်ကျော့ကျော့၊ ဦးအောင်သန်းထွန်း၊ ဒေါက်တာခင်အေး၊ ဒေါက်တာတင်စိုး၊ ဦးတင်ဝင်း၊ ဦးကျော်ဝင်းဦး၊ ဦးစိန်မြင့်တို့ကလဲ သုတေသနစာတမ်း ၁၂စောင် ဖတ်ကြားတင်သွင်း သွားကြပါသေးတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေ အသက်အရွယ်ကြီးရင့်လာကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မျိုးဆက်သစ်ပညာရှင် သုတေသီတွေ ပြုစုပျိုးထောင်အားပေးဖို့ လိုပါတယ်။

ပြီးခဲ့တဲ့နှစ်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ "ကျွန်တော်တို့ချစ်မြတ်နိုးတဲ့ပြည်ထောင်စု"ဆောင်းပါးကို ၁၃-၂-၂၀၀၃နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ရေးသားခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ဘယ်နိုင်ငံနဲ့မှ မတူပါဘူး။ နိုင်ငံရေးအရရော၊ ဘာသာရေးအရရော၊ စစ်ရေးအရရော ဘယ်သူကမှ ဖန်တီးပေးခဲ့တာ မဟုတ်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ရင်ထဲမှာပေါ်လာတဲ့ ချစ်ကြည်မြတ်နိုးမှုနဲ့ ဖွဲ့စည်းပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ပထဝီမြေကြီးနဲ့ တူတယ်။ မြေကြီးနဲ့မတူအောင် တူးဆွဖျက်ဆီးလို့မရပါဘူး။ မြင့်မားကျယ်ပြန့်တဲ့ ကောင်းကင်ကြီးနဲ့လဲတူတယ်။ ဆေးရောင်စုံခြယ်ပြီး သရုပ်ပျက်အောင် မလုပ်နိုင်ပါဘူး။ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ကြီးရေဝတီနဲ့လဲတူတယ်။ မီးရှို့ဖျက်ဆီးလို့ မရပါဘူး။ ဘယ်လိုမှ ဖျက်ဆီးလို့မရပါဘူး။ ကျွန်တော်တို့ဒီလိုပဲ ယုံကြည်တယ်။ သန္နိဋ္ဌာန်ချတယ်။ ဒီပြည်ထောင်စုစိတ်ဓာတ်နဲ့ ပြည်ထောင်စုကြီးကို ကျွန်တော်တို့တစ်တွေ ဆတက်ထမ်းပိုး ကြီးပွားတိုးတက်အောင် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်လို့ ရေးသားတင်ပြလိုက်ရပါတယ်။

ဒါဟာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကို ထာဝစဉ်ချစ်ခင်မြတ်နိုးတဲ့ စိတ်ဓာတ်နဲ့ သန္နိဋ္ဌာန်ပဲ ဖြစ်ပါတယ်။ ။

# နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို သိရှိနားလည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲအရာရှိများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းလှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီတက်ရောက်၍အမှာစကားပြောကြားသည်။**

ရဲချုပ်က အမှာစကားပြောကြားရာတွင် ရဲအရာရှိများ အထူးမွမ်းမံသင်တန်းကို အမှတ်စဉ်(၁)မှ (၁၃) အထိ သင်တန်းသားအရာရှိစုစုပေါင်း ၃၂၃၁ဦး အောင်မြင်စွာလေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး ဘာသာရပ်များအပြင် ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့်အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းတာဝန်များပါ ထည့်သွင်းပို့ချသွားခဲ့ပြီး ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို သိရှိနားလည်ကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ပြီး တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၁၅ဦး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ၂၉ဦးနှင့် အကျဉ်းဦးစီးဌာနမှ ငါးဦး စုစုပေါင်း သင်တန်းသား ၂၄၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖေဖော်ဝါရီ ၁ ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၂၂)မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ယင်းမာက သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရ မဖြူဖြူသန့်အား ဆုပေးအပ်စဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

**၁၃-၂-၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Psychology of Communition (ဒုတိယနှစ်-စိတ်ပညာ)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"**(အပိုင်း-၁၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှဲပုနှင့်သောင်းချမ်"** (အပိုင်း-၃၀)



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်) လူနာဆောင်များ၊ တည်ဆောက်ဆဲ လူနာဆောင်အမှတ်(၅)တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ စိတ်ကျန်းမာရေး ဆေးရုံကြီး (ရန်ကုန်) လူနာများအတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ရှေးဦးစွာ စက်ရုံရှင်းလင်းခန်းမ၌ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းက အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးစက်ရုံစီမံကိန်း လုပ်ငန်းပြီးစီးမှုအခြေအနေ၊ စက်ရုံတည်ဆောက်မှုစာချုပ်ပါ အခြေခံအချက်များ၊ စက်ရုံအဆောက်အအုံများ ပြီးစီးမှုအခြေအနေ၊ စက်ရုံအတွင်း စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုနှင့် စက်များလည်ပတ်နေမှုအခြေအနေ၊ ကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်မှုအခြေအနေ၊ လျှပ်စစ်မီးနှင့် တယ်လီဖုန်းဆက်သွယ်တပ်ဆင်ပြီးစီးမှု၊ ရေရရှိရေးနှင့် လမ်းဖောက်လုပ်ပြီးစီးမှု၊ စက်ရုံပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ယခင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စက်ရုံသို့လာရောက်စစ်ဆေးခဲ့စဉ်က လုပ်ငန်းဆိုင်ရာ လမ်းညွှန်မှာကြားခဲ့သည်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ဆက်စပ်လမ်းများ၊ တံတားငယ်များ တည်ဆောက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးစက်ရုံအတွင်းရှိ ကာကွယ်ဆေးထုတ်လုပ်မှုဌာန၊ ကာကွယ်ဆေးအရည်အသွေး ထိန်းချုပ်ရေးဌာနနှင့် ကာကွယ်ဆေးကုန်ချောထုတ်လုပ်မှုဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဆေးရုံခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်က စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)၏ နောက်ခံသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ ဆေးရုံ၌ ဆောင်ရွက်နေသည့် ကုသရေး၊ သင်ကြားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြင်ပလူနာနှင့် အတွင်းလူနာအခြေအနေ၊ ကုသပေးသည့်ကာလနှင့် ပျောက်ကင်းမှု၊ လူနာများကို ကုသပေးနေသည့် ကုထုံးများ၊ ဆေးရုံသင်ကြားရေးအစီအစဉ်များ၊ ပင်မစီမံကိန်းအရ ဆောင်ရွက်ပြီးစီးနေသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူနာကုသမှုထိရောက်သည့် Day Care Centre တည်ဆောက်ရေး၊ ပင်မစီမံကိန်းအရ တည်ဆောက်ရန် လျာထားသည့် အဆောက်အအုံများ အဆင့်အလိုက် ဖြည့်စွက်တည်ဆောက်ရေး၊ လူနာများအတွက် ကစားကွင်း၊ ကစားရုံများ တည်ဆောက်ရေး အပါအဝင် ကုသရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံ လူနာများအတွက် အလှူငွေပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လူနာဆောင်များ၊ ထမင်းစားခန်း၊ တည်ဆောက်ဆဲ လူနာဆောင် အမှတ်(၅) နှင့် စိတ္တသုခမေ္မသာလာဓမ္မာရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိုင်းမှူး၊ မြို့တော်ဝန်တို့နှင့်အတူ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ် (၇) လမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမတို့ဆက်သွယ်သည့် မင်းရဲကျော်စွာလမ်း၊ ရာဇာဓိရာဇ်လမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ပင်လုံလမ်း အပါအဝင် လမ်းများအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး လမ်းပျက်စီးနေမှုအပိုင်းများ အမြန်ပြုပြင်မွမ်းမံသွားရန် ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် အိုင်ယာလန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု တည်ထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုတည်ထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) လက်မှတ်ရေးထိုးသည့် အခမ်းအနားတစ်ရပ်ကို ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ သံအမတ်ကြီး၏ရုံးခန်း၌ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၃ နာရီက ကျင်းပသည်။ အခမ်းအနားသို့ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် သံရုံးဝန်ထမ်းများ၊ မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Mulhall နှင့် သံရုံးဒုတိယအကြီးအကဲ Mr. Michael Smith တို့ တက်ရောက်ကြသည်။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်ရေး စတင်ထူထောင်သည့်နေ့ အခမ်းအနားတွင် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးတို့ ဖေဖော်ဝါရီ ၁၀ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ သံအမတ်ကြီး၏ ရုံးခန်းတွင် စာချွန်လွှာလက်မှတ်ရေးထိုးစဉ်** (အပေါ်ပုံ) **နှင့် စာချွန်လွှာလက်မှတ် ရေးထိုးပွဲအပြီး နှစ်နိုင်ငံ ဆုတောင်းပတ္ထနာပြုကြစဉ်။** (ယာပုံ)

(သတင်းစဉ်)

**သမိုင်းတွင်သည့်ဆောင်ရွက်ချက်**

သံအမတ်ကြီး ဦးလှမောင်က ဦးစွာ နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု တည်ထောင်နိုင်ခဲ့ခြင်းသည် သမိုင်းတွင်သည့် ဆောင်ရွက်ချက်ဖြစ်၍ ဝမ်းမြောက်ကြည်နူးဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူလူထုတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်နိုင်**

အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးကလည်း မိမိတို့ နှစ်နိုင်ငံအကြား ယခုကဲ့သို့ သံတမန်ဆက်သွယ်နိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိုင်ယာလန်တို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်းပြန်လည်ပြောကြားသည်။

ထို့နောက် သံအမတ်ကြီးနှစ်ဦးသည် နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုတည်ထောင်ခြင်းဆိုင်ရာ ပူးတွဲ ကြေညာချက်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကာ အခမ်းအနားကို ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာ–အာဆီယံ အမျိုးသမီးချစ်ကြည်ရေးအသင်းနှင့်ပူးပေါင်း၍ ရန်ကုန်မြို့ရှိ သံတမန်အသိုင်းအဝိုင်းအတွင်း အပြန်အလှန်နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးပွားလာစေရန်အတွက် ဇီဇဝါရိပ်သာ မြက်ခင်းပြင်၌ကျင်းပသော ကောက်သစ်ထမနဲပွဲတော်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ဝန်ကြီးဦးဝင်းအောင်နှင့်ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် နိုင်ငံခြားရေးဝန်ကြီးဌာနကောက်သစ်ထမနဲပွဲတော်တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာ–အာဆီယံ အမျိုးသမီးချစ်ကြည်ရေးအသင်းတို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ သံတမန်အသိုင်းအဝိုင်းအတွင်း အပြန်အလှန် နားလည်မှုနှင့်ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးပွားလာစေရန်အတွက် ကောက်သစ်ထမနဲပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဇီဇဝါရိပ်သာမြက်ခင်းပြင်၌ကျင်းပရာ ရန်ကုန်မြို့တွင် ရုံးစိုက်သော သံရုံးများမှ သံတမန်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ မြန်မာ့ရိုးရာထမနဲထိုးပွဲကို စိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ကောက်သစ်ထမနဲပွဲတော်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ တက်ရောက်ချီးမြှင့်ကြသည်။

တပို့တွဲလ (ဖေဖော်ဝါရီလ)သည် မြန်မာပြက္ခဒိန်တွင် ၁၁ လမြောက် ဖြစ်ပြီး ကောက်ပဲသီးနှံအသစ်များ စတင်ပေါ်ထွန်းသောလလည်း ဖြစ်သည်။ ထို့ကြောင့် ထမနဲပွဲတော်သည် မြန်မာတို့၏ ကောက်သစ်ပွဲတော်ဟုလည်း ခေါ်ဆိုနိုင်သည်။

ထမနဲသည် ကောက်ညှင်းဆန်၊ ဆီ၊ ချင်း၊ အုန်းသီးဆံ၊ နှမ်း၊ မြေပဲနှင့် ဆားတို့ကို အချိုးကျကျပေါင်းစပ်ထိုးထားသောကြောင့် အလွန်အရသာရှိသော အစားအစာတစ်မျိုးဖြစ်ကာ ထမနဲကို အိမ်အပြင်တွင် စုပေါင်းထိုးကြပြီး အများအားဖြင့် ကာလသားများက သံဒယ်အိုးကြီးထဲတွင် အထက်ပါပစ္စည်းများကို စုပေါင်း၍ လှော်တက်ခန့်ရှိသည့် သစ်သားယောက်မကြီးများအသုံးပြုပြီး အလှည့်ကျ ထိုးကြရသည်။

ယနေ့ကျင်းပသည့် ကောက်သစ်ထမနဲပွဲတော်သည် ဒုတိယအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပထမအကြိမ် သံတမန်ထမနဲပွဲတော်ကို ယမန်နှစ်က စတင်ကျင်းပခဲ့သည်။ ဤပျော်စရာကောင်းသော ကောက်သစ်ထမနဲပွဲတော်သည် ရန်ကုန်မြို့ရှိ သံတမန်အသိုင်းအဝိုင်းအတွက် ဒုတိယအကြိမ် နှစ်စဉ်ဆုံစည်းရာပွဲတော်တစ်ရပ် ဖြစ်လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံအဝန်း ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထုအားအကျိုးပြု ပြည်သူတစ်ရပ်လုံးနိုင်ငံတော်အစိုးရနှင့်အတူပူးပေါင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီခွဲတွင် ဂန့်ဂေါမြို့ မြို့ခင်သာတောင်ကျောင်းတွင် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် မြို့နယ် သံဃနာယကဆရာတော်များအား သွားရောက်ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာလုပ်ငန်းများကို လျှောက်ထားသည်။**

ထို့နောက် ဝန်ကြီးသည် နံနက် ၈ နာရီတွင် ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဂန့်ဂေါမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်ပြည်သူလူထုများ၊ကျောင်းသူကျောင်းသား များနှင့်တွေ့ဆုံပြီး အမှာစကားပြော ကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအစုံတွင် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးသည့်အတွက် ယခုအခါ နိုင်ငံအဝန်း ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထုအား အဘက်ဘက်မှ အကျိုးပြုလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ငါးရပ်ကို ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ ထို့အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ဖြင့် အကောင်အထည်ဖော်ရာတွင်လည်း ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် နှစ်သိန်း၊ ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ် နှစ်သိန်း၊ဂန့်ဂေါခရိုင်အတွင်းရှိ စာသင်ကျောင်းများအတွက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသုံး ဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာတမ်းများ၊ ကျေးရွာများအတွက် အဝတ်အထည်နှင့်ဆပ်ပြာများ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးရွာ ပြည်သူများ၊ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇဟောကျေးရွာနှင့် ပြည့်ဝကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ရုပ်မြင်သံကြားစက်နှစ်လုံးတို့ကိုလည်းကောင်း၊ဂန့်ဂေါမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့မှ ဖွံ့ဖြိုးဝေစည် မြန်မာပြည် စာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက်မှူးများနှင့်တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဂန့်ဂေါမြို့နယ် ပျားကျေးရွာသို့ရောက်ရှိ၍ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာနှင့် ကျေးရွာ ဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ကျေးရွာလူထုနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး ပျားကျေးရွာ သာသနာ့ရိပ်သာကျောင်းအတွက်အလှူငွေကျပ်ငါးသောင်း၊ ကျောင်းသုံး ဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ၊ ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့်ဆပ်ပြာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ဆက်လက်၍ ပျားကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရုပ်မြင်သံကြားစက်တစ်လုံးလှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံသည်။

ထို့နောက်ဝန်ကြီးသည် ညောင်လယ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာမူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက်အလှူငွေကျပ်တစ်သိန်းနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

၎င်းမှတစ်ဆင့် ဝန်ကြီးသည် ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာသို့ ရောက်ရှိပြီး ပြည်သူလူထုနှင့်တွေ့ဆုံကာ အထက်တန်းနှင့် အလယ်တန်းကျောင်းသုံးဖတ်စာအုပ်နှင့်ဗလာစာအုပ်များ၊ ကျေးရွာပြည်သူလူထုအတွက် ဆပ်ပြာများကို ပေးအပ်လှူဒါန်းသည်။

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီ ၉ ရက်က မကွေးတိုင်း ဂန့်ဂေါမြို့ ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးစဉ်။(သတင်းစဉ်)**

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည် ဂန့်ဂေါမြို့နယ် ကျောကျေးရွာသို့ ရောက်ရှိပြီး ကျောတိုက်နယ်ဆေးရုံ ကိုယ့်အားကိုယ်ကိုးတိုးချဲ့ဆောင် ဆောက်လုပ်နေမှု၊ ဓာတ်မှန်ခန်းဆောက်လုပ်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ပုလဲမြို့နယ် လယ်မွေကျေးရွာပြည်သူလူထုအား တွေ့ဆုံ၍ ည ၇ နာရီတွင် ပုလဲမြို့နယ် ဦးနှောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့တက်ရောက်ပြီး ပညာဘဏ်တိုက် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံမှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ဦးနှောက်ကျေးရွာ မူလတန်းလွန်ကျောင်း ပရိဘောဂများ ဝယ်ယူရန်အတွက် အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ကျောင်းသုံး ဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ၊ ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကိုလည်းကောင်း လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါ ဦးနှောက်ကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အပြီးသတ်ဆောက်လုပ်ရန်လိုအပ်နေသော ကြမ်းခင်းနှင့် ပြတင်းတံခါးများအတွက် မန္တလေးမြို့ ဇေရာမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးသိန်းမြင့်က တာဝန်ယူလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးတို့မှ လှူဒါန်းသော စာအုပ်စာတမ်းများကို ကျေးရွာစာကြည့်တိုက်မှူးက လက်ခံသည်။

### ဖြည့်ဆည်းကူညီ

၎င်းမှတစ်ဆင့် ဝန်ကြီးသည် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာသို့ ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၏ ဦးဆောင်စည်းရုံးမှုဖြင့် ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အစွန်အဖျား ကျေးလက်ဒေသများသို့ပါ ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရေး၊ နယ်လှည့် စာကြည့်တိုက်များအား ကျေးရွာတိုင်းသို့ တစ်ခေါက်မရောက်ရောက်အောင်သွားရောက်၍ ပြည်သူများ၏ အသိပညာပြန့်ပွားအောင် ဆောင်ရွက်ရေး၊ ကျေးရွာတိုင်းသို့ သတင်းစာသို့မဟုတ်ဂျာနယ်တစ်စောင် ရောက်ရှိအောင် ဆောင်ရွက်ရေး၊ ပြန်ကြားရေးလုပ်ငန်းများကိုသွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားအောင်ဆောင်ရွက်ရေးတို့အားမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကြည့်မြင်တိုင် အေဘီအမ်(A.B.M)ကျောင်း၏ (၂၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဆရာမကြီး ဒေါ်လှရှိန်နေအိမ်ဝင်းအတွင်း ကျင်းပရန်စီစဉ်ထားရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

## စိန်ပန်း သဒ္ဓမ္မပူဇာ အောင်ဆုနှင်းသဘင်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မဟာနာယက ဆရာတော်ကြီးများကြီးမှူး ကျင်းပပြီးစီးခဲ့သော (၃၆) ကြိမ်မြောက် စိန်ပန်းပရိယတ္တိနုဂ္ဂဟ ပထမပြန်စာမေးပွဲ၌ ဖြေဆိုအောင်မြင်တော်မူကြသော ဓမ္မာစရိယ (စာချတန်း) ကျမ်းပြီး လေးပါး၊ တစ်ကျမ်းအောင်တစ်ပါး၊ ပထမကြီးတန်းအောင် ၁၅ ပါး၊ပထမလတ်တန်းအောင် ၂၂ ပါး၊ ပထမငယ်တန်းအောင် ၃၈ ပါး တို့အား ဘွဲ့တံဆိပ်တော် အောင်လက်မှတ် ဆက်ကပ်မည့် အောင်ဆုနှင်းသဘင်ပွဲနှင့်နာယကဆရာတော်ကြီး ၂၄ ပါး၊ ကြီးကြပ်ရေးဆရာတော် ၂၅ ပါးတို့အား လှူဒါန်းပူဇော်ခြင်းမင်္ဂလာ အခမ်းအနားကို တပို့တွဲလပြည့်ကျော် ၃ ရက် (ဖေဖော်ဝါရီ ၁၈ ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် မယ်လမုဘုရားအနီး စိန်ပန်းစာဖြေမင်္ဂလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်သည်။ သဒ္ဓါကြည်လင်ပါရမီရှင် သူတော်စင်အပေါင်းတို့ ကြွရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ကြောင်းသိရသည်။ **(က–ပ)**

# (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် လှိုင်သာယာမြို့နယ်မှပြည်သူ့ရင်ပြင်သို့ဆက်လက်သယ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးအစီအစဉ်အရ ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သီဟဒီပအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း တစ်ညတာစီရပ်နားခဲ့သော ပြည်ထောင်စုနေ့အလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းမှ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ပြည်ထောင်စုလှေဖြင့် ခမ်းနားထည်ဝါစွာ သယ်ဆောင်ကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့တော်ခန်းမသို့ ဆက်လက်သယ်ဆောင်ကြကာ ရန်ကုန်မြို့တော်ဝန်၏ ညော့ခန်းမစင်မြင့်ရှိ ငွေဖလား၌ ပြည်ထောင်စုနေ့အလံတော်သည် တစ်နှစ်တာရပ်နားသည်။**

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အစီအစဉ်အရ ရန်ကုန်အနောက်ပိုင်းခရိုင်ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့က တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုနေ့အလံတော်ကို ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် အားကစားကွင်း၌ ကျင်းပရာသည်။

ရှေးဦးစွာ ပြည်ထောင်စုနေ့ အလံတော်ကို တက်ရောက်လာကြသော ပြည်သူလူထုကြီးက ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ တပ်မတော်(လေ) စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် နံနက် ၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြု၍ နုတ်ယူပြီးတပ်မတော်(ကြည်း၊ ရေ၊ လေ) ရဲအရာရှိ လေးဦးတို့နှင့်အတူ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများခြံရံလျက် အားကစားကွင်းအတွင်း သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာရာ ကြည့်မြင်တိုင်မြို့နယ် စေတနာသမ္မာရ ဝတ်အသင်း မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်း၍လည်းကောင်း၊ လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များနှင့် ပန်းဖွားအကများက ဘင်ခရာများတီးမှုတ်၍ ပန်းဖွား အကများဖြင့်လည်းကောင်း ဂုဏ်ပြု ကြိုဆိုကြသည့်အပြင် အားကစားကွင်းအတွင်း၌ အသင့်စောင့်ဆိုင်းနေကြသော ပြည်သူလူထုကြီးကလည်း ပြည်ထောင်စုနေ့အလံတော်ကို အလေးပြုကြသည်။

## သောင်းသောင်းဖြဖြကြိုဆို

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုနေ့ အလံတော်ကို လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇာလီဘုန်းနိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီး ထိုမှတစ်ဆင့် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးတင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးမြင့်သိန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပြည်ထောင်စုနေ့အလံတော်ကို လှိုင်သာယာမြို့နယ် အားကစားကွင်းမှ လှိုင်သာယာ စက်မှုဇုန် ကနောင်မင်းသားကြီးလမ်းပေါ်ရှိ ပြည်ထောင်စုလှေဆီသို့ မြင်းဝန်ဦးအောင်သူလမ်းနှင့် ဦးရွှေမြူလမ်းအတိုင်း အဆင့်ဆင့်လက်ဆင့်ကမ်း၍ သယ်ဆောင်ရာ လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၀၀၀၀ ကျော်တို့က သောင်းသောင်းဖြဖြကြိုဆိုကြသည်။

## ပြည်ထောင်စုလှေပေါ်သယ်ဆောင်

ထို့နောက် ပြည်ထောင်စုနေ့ အလံတော်ကို ပြည်ထောင်စုလှေအနီး၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနေ့အလံတော်ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) ရဲအရာရှိ လေးဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် ပြည်ထောင်စုလှေပေါ်သို့ ဆက်လက်သယ်ဆောင်သည်။

ယင်းနောက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ပြည်ထောင်စုနေ့အလံတော်ကို ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ အလံတော်ကို ပြည်ထောင်စုလှေဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ရဲအရာရှိ လေးဦးတို့နှင့်အတူ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများခြံရံလိုက်ပါလျက် လှိုင်သာယာ စက်မှုဇုန်ရှိ ကနောင်မင်းသားကြီးလမ်းမှတစ်ဆင့် ရန်ကုန်-ပုသိမ် လမ်းမကြီးအတိုင်း ဘုရင့်နောင်တံတားကို ဖြတ်သန်း၍ ဘုရင့်နောင်လမ်းဆုံအထိလည်းကောင်း၊ ထိုမှတစ်ဆင့် ဘုရင့်နောင်လမ်းနှင့် နာနတ်တောလမ်းတို့မှတစ်ဆင့် ပြည်လမ်းအတိုင်း ပြည်သူ့ရင်ပြင်သို့ ခမ်းနားထည်ဝါစွာဖြင့် သယ်ဆောင်လာရာ ရန်ကုန်-ပုသိမ် လမ်းမကြီးတစ်လျှောက် ဘုရင့်နောင်တံတားအထိ လှိုင်သာယာမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၀၀၀၀ ကျော်တို့က နိုင်ငံတော်အလံငယ်များဝှေ့ယမ်း၍လည်းကောင်း ပြည်ထောင်စုနေ့ အလံတော်ကို သောင်းသောင်းဖြဖြ လှိုက်လှဲစွာဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

## မြို့တော်ဝန်ထံလွှဲပြောင်းပေးအပ်

ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့ သတ်မှတ်နေရာသို့ ရောက်ရှိပြီးနောက် ပြည်ထောင်စုနေ့ အလံတော်ကို နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က အလေးပြု၍ ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလားမှ နုတ်ယူကာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ရဲအရာရှိ လေးဦးတို့နှင့်အတူ တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါကာ သယ်ဆောင်လာပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်လိုက်သည်။ **(သတင်းစဉ်)**

**၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်သာယာအားကစားကွင်းမှ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ လက်ဆင့်ကမ်း အဆင့်ဆင့်သယ်ဆောင်လာစဉ်။ (သတင်းစဉ်)**

# ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

**ဖေဖော်ဝါရီ ၁၂ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စုနေ့အလံတော်အား တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ ညော့ခန်းမစင်မြင့်ရှိ ငွေဖလား၌စိုက်ထူလိုက်စဉ်။ (သတင်း-ကျောဖုံး) (သတင်းစဉ်)**

**စာမျက်နှာ ၃ မှ**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ညော့ခံပွဲနှင့်ညစာစားပွဲ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ညော့သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမ ညော့ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတနှင့် တွဲဖက်ကာ ပြည်ထောင်စုတိုင်းရင်းသူများ၊ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း သီဆိုညော့ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် ဇကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူများက "သားသားတို့ရဲ့ဒိုးပတ်"နှင့် "နုနုလှလှသုခမ" အကနှင့် မြန်မာ့ဆိုင်းတို့ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "သွေးချင်းချစ်ကြည် မြစ်ဇရာဝတီ သက်သေတည်"အက၊တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက "ဆီအိုးဂီး (ဆီအိုးကြီး)" အက၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက "ကျဲရိုကန်အက (ဝါးညှပ်အက)"၊ မွန်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ငြိမ့်ညောင်းသာစွ မွန်ဂီတ" ယိမ်းအက၊ ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ခေါ်တော်အက"၊ ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက "စုပေါင်းနွဲ့ပျော် ရိုးရာပွဲတော်"အက၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက"ယိုင်းယင်ပုခက်လွှဲ ရခိုင်ချေ" သီချင်းနှင့် ယိမ်းအကနှင့် ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက"ပြည်ထောင်စုကို တို့ချစ်သည်" ကရင်ရိုးရာ ဒုံးအကတို့ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက "လှမ်းစို့တူပြိုင်တို့ပန်းတိုင်" တေးသရုပ်ဖော် အကတို့ဖြင့်လည်းကောင်း သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ် တပို့တွဲလပြည့်ကျော်**
**၈ ရက် (ဥပုသ်နေ့)**
**၁၃-၂-၂၀၀၅ (သောကြာနေ့) နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | ရိုးရာကျေးလက်ကစားနည်း |
| ၈:၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၇:၁၀ | ၇။ | (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၈:၂၀ | ၈။ | တံငါတံတား |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | English for Everyday Use |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၀ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၂၅ | ၃။ | Practice in Reading |
| ၁၆:၄၀ | ၄။ | တေးဂီတအစီအစဉ် |
| ၁၆:၅၅ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ] |
| ၁၇:၁၀ | ၆။ | (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၇:၂၅ | ၇။ | နည်းစနစ်မှန်မှန် အားကစားအခြေခံ |
| ၁၇:၃၅ | ၈။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ |
| ၁၇:၄၅ | ၉။ | နှောင်းခေတ်တေးပဒေသာ |
| ၁၇:၅၅ | ၁၀။ | **"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** (အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင်) ဒါရိုက်တာ-ဝင်းထွန်းဝင်း |
| ၁၈:၀၀ | ၁၁။ | (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် |
| ၁၈:၁၅ | ၁၂။ | Discovery |
| ၁၈:၃၀ | ၁၃။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၄။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၅။ | Milo Success in Soccer |
| ၁၉:၁၀ | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၁၇) |
| ၁၉:၄၀ | ၁၇။ | ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ"သားချင်းတို့စုစည်းရာ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ" |
| ၂၀:၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | ရုပ်မြင်သံကြားဇာတ်လမ်း **"ဥမကွဲသိုက်မပျက်"** (အပိုင်း-၁) (ဇင်ဝိုင်း၊ ဇော်ဦး၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ဟန်နီထွန်း၊ စိုးမြတ်နန္ဒာ၊ အိန္ဒြာကျော်ဇင်၊ ရတနာခင်) ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင် |

# ကျေးဇူးတင်လွှာ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့၌ Sedona Hotel တွင် ကျင်းပ ပြုလုပ်သော ကျွန်တော်၊ ကျွန်မတို့၏ **"မင်္ဂလာဆွဲ့ခံပွဲ"** သို့ ကြွရောက် ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဝိုင်းဝန်းကူညီကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**ဒေါက်တာ သဲထက်ဦး-ဒေါက်တာ သူသူအိဟန်။**

# ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်၊ ကမ်းနားလမ်း၊ အမှတ် ၇၀၄နေ
ဦးစိန်လှ-ဒေါ်ခင်မြင့်၊ ဦးရှိန်-(ဒေါ်ချစ်)တို့၏မြေး
(ဦးအေးသွင်)-ဒေါ်ခင်မာလာလှတို့၏သားကြီး

**မောင်အောင်မိုး**

(Hanseatic Shipping Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၃၇နေ
ဦးမျိုးမြင့်ဟန်(Cinderella Travel Service)-ဒေါ်မဋ္ဌုတို့၏ သမီး

**မသီဂီမျိုး**

B.A(Eco),LCCI Level (III), Diploma in Accounting(U.K)

တို့၏ ၅-၂-၂၀၀၄ ရက်တွင် ရှေ့နေချုပ်ရုံး၌ မော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် အားလည်းကောင်း၊ အသိသက်သေပြုလုပ်ပေးသော ဦးမြင့်ကြည်(ဧရာဝတီတိုင်း ဥပဒေအရာရှိ)နှင့် ဦးဉာဏ်ဝေ( Managing Director -Top ဆပ်ပြာမှုန့်) တို့အားလည်းကောင်း၊ ၁၂-၂-၂၀၀၄ (ပြည်ထောင်စုနေ့)တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဆွဲ့ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်တင်ဌေးခိုင်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဧရာဝတီတိုင်း ဥပဒေအရာရှိ ဦးမြင့်ကြည်နှင့်ဇနီး ဒေါ်နွယ်နီတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မထက်ဝေနိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မပြည့်မွန်သက်၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော မမီမီလှိုင်၊ သတို့သား၊ သတို့သမီးအရန်အဖြစ်ဆောင်ရွက်ပေးကြသော ကိုမိုးသွင်နှင့် မနှင်းဝင့်ကြည်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီချင်း သီဆိုပေးသော တေးသံရှင် စိမ်းမိုမို၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော အောင်အောင်(တောင်ကြီး) ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ သတို့သမီးဝတ်စုံ ချုပ်လုပ်ပေးသော ဒေါ်လာမြင့်အောင်အားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၂-၂-၂၀၀၄ ရက်ညတွင် Kyaw Paradise Hotel၌ ပြုလုပ်သော ညစာစားပွဲသို့ တက်ရောက်ကြသော ဆွေမျိုးမိတ်ဆွေ သင်္ဂဟများအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**

**မောင်အောင်မိုး-မသီဂီမျိုး။**

# ကျေးဇူးတင်လွှာ

Sedona Hotel ပြည်ထောင်စုနေ့တွင် ကျင်းပပြုလုပ်သော **"မင်္ဂလာဆွဲ့ခံပွဲ"** ဖြစ်မြောက်ရေးအတွက် မေတ္တာဖြင့် ကူညီပေးကြသော-

Dr.မျိုးသန့်-ဒေါ်ယုဇော်
ဦးမောင်မောင်ဆွေတင်-Dr.မြသီတာဆွေတင်
Dr.ပြုံးပြုံးဟန်
မမဋ္ဌု (အင်းလျားလမ်း)
မတင်မိုးလွင်
ဦးအောင်ထွန်းနိုင် (ပြည်မြန်မာ)

Sedona Hotel မှ ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီကြသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။ **Dr. သဲထက်ဦး-Dr. သူသူအိဟန်။**

"ညီလေးသဲသဲနှင့် ညီမလေးသူသူတို့
သက်ဆုံးတိုင် ရွှင်လန်းချမ်းမြေ့
သာယာအပေါင်းခညောင်းပါစေ"
**ကိုကြီးရန်နိုင်စိုး (ခေတ္တ-ဂျပန်) (2nd Mate FG)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

## စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစား အဖွဲ့ချုပ်သည် မြေလတ်ပိုင်း ပုဂံယဉ်ကျေးမှု နယ်မြေတွင် လာမည့်မတ်လ နောက်ဆုံးအပတ်၌ မြန်မာ့ရိုးရာ စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲတစ်ရပ်ကို ကျင်းပပေးရန် စီစဉ်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံပြည်နယ်နှင့်တိုင်းများ၊ ပါဝင်ယှဉ်ပြိုင်ကြမည့် စွန်ဖြတ် အားကစားသမားများနှင့် စွန်ပညာရှင်များ၏ ပြိုင်ပွဲကျင်းပမည့်နေရာ လေ့လာသတ်မှတ်ရေး စသော ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ စီစဉ်နိုင်ရန်အဖွဲ့ချုပ် ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင် ဦးဆောင်သော အမှုဆောင်များနှင့် စွန်ပညာရှင်နှင့် စွန်ဖြတ် အားကစားသမားများ ဖြစ်ကြသည့် တာမွေမြို့နယ်မှ ဦးမျိုးလွင်နှင့် သဃ်န်းကျွန်းမြို့နယ်မှ ဦးမြင့်သိန်း (ရုပ်ပါစတား)တို့ ပါဝင်သောအဖွဲ့သည် ပုဂံမြို့သို့ ဖေဖော်ဝါရီ ၁၃ ရက်တွင် ထွက်ခွာကြမည်ဖြစ်သည်။

### လက်တွေ့ပြသမည်

ပုဂံယဉ်ကျေးမှုနယ်မြေတွင် နေထိုင်စဉ်အတွင်းစွန်အလှလုပ်ပုံ လုပ်နည်းနှင့် စွန်ဖြတ်အားကစားသမားများ (၁၂)နှစ်အောက် (ကျား/မ) ကျောင်းသား လူငယ်များအတွက် ကစားပုံကစားနည်းများကိုအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် စွန်နှင့်ဆိုင်ရာ ဥပဒေစည်းကမ်းများအတိုင်း လက်တွေ့သင်ကြား ပြသသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသည့် စွန်ပညာရှင်များနှင့် စွန်ဖြတ် အားကစားသမား ကျောင်းသားလူငယ်များအား ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ တစ်ပတ်အတွင်း ပုဂံယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီရင်ပြင်၌ ကြိုတင်ခရီးလေ့လာရေးအဖွဲ့နှင့် လာရောက်တွေ့ဆုံ မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စတီရီယိုတေးသံရှင်စိုးလွင်လွင်(ခ)ပိုပို၏ မူပိုင်သံစဉ်တေးသီချင်းများကိစ္စ

# အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်) ရပ်ကွက် မဟာဘောဂလမ်း၊ အမှတ် ၁၈ နေ မောင်ဒေဝနှင့် မရွှေအိမ်စည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကွယ်လွန်သူစတီရီယိုတေးသံရှင် စိုးလွင်လွင်၏သားဖြစ်သူ မောင်ဒေဝနှင့် သမီးဖြစ်သူ မရွှေအိမ်စည်တို့၏အခွင့်ရ ကိုယ်စားလှယ်နှင့်နီးစပ်ရာမိတ်ဆွေအဖြစ် မိခင်ဖြစ်သူ ဒေါ်ဖြူဖြူဝင်းက ဆောင်ရွက်၍ ဒေါ်မာမာအောင်အပေါ် စိုးလွင်လွင်၏ မူပိုင်သံစဉ်တေးသီချင်းများနှင့် ပတ်သက်၍ မူပိုင်ဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခဲ့ရာ ရန်ကင်းမြို့နယ် တရားရုံးတော်က တရားမကြီးမှုအမှတ် -၁၃/၂၀၀၁အရ လက်ခံ စစ်ဆေးကြားနာခဲ့ပါသည်။

အဆိုပါ အမှုတွင် (၂-၁၂-၂၀၀၃) ရက်နေ့၌ တရားလို မောင်ဒေဝနှင့် မရွှေအိမ်စည်တို့သည်(၄-၁၂-၉၄) ရက်နေ့အထိ စိုးလွင်လွင် ကိုယ်တိုင်ရေးသားသီဆိုထုတ်ဝေခဲ့သော စိုးလွင်လွင်၏ မူပိုင်သံစဉ်တေးသီချင်းများနှင့် ပတ်သက်၍ မူပိုင်ဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ချမှတ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍(၄-၁၂-၉၄) ရက်နေ့အထိ စိုးလွင်လွင်ကိုယ်တိုင်ရေးသားသီဆိုခဲ့သော စိုးလွင်လွင်၏ မူပိုင်သံစဉ် တေးသီချင်းများနှင့် ပတ်သက်၍ မောင်ဒေဝနှင့် မရွှေအိမ်စည်တို့၏ ခွင့်ပြုချက်မရဘဲ အသံကူးယူခြင်း၊ ဖြန့်ချိရောင်းချခြင်း၊ ရုပ်ရှင်ဇာတ်လမ်းနှင့် ဗီဒီယိုဇာတ်လမ်းများတွင် ထည့်သွင်းအသုံးပြုခြင်း၊ ကက်ဆက်ခွေ၊ စီဒီ၊ဗွီစီဒီ၊ဒီဗွီဒီ၊ အယ်ဒီစီဒီအိုကေများ ထုတ်လုပ်ခြင်း၊ ပြန်လည်သီဆိုခြင်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းအသုံးပြုမှုများကို ပြုလုပ်လာပါက ၁၉၁၁ခုနှစ်မူပိုင်ခွင့် အက်ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခင်သန်းဝင်း B.A(Law)L L,B.**
တရားရုံးချုပ်ရှေ့နေ
အမှတ်-၁၅၆(ပထမထပ်)
မဟာဗန္ဓုလလမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၃၀၂၃

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

## မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များအားတွေ့ဆုံ၍လုပ်ငန်းဆိုင်ရာရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မကွေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းဆိုင်ရာရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့်ဒေါ်သန်းသန်းနွဲ့၊အတွင်းရေးမှူးများအဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသည့်ဒေါ်မြမြ၊ ပါမောက္ခဒေါ်မင်းသက်မွန်နှင့် ဒေါ်ကြည်ကြည်မြ၊ အထောက်အကူပြုအဖွဲ့ဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်မိမိနှင့်ဒေါ်ရီရီ၊ အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါက်တာ ဒေါ်မေမေရီက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသမီးများ၏စွမ်းအားစုကို နိုင်ငံတော်တည်ဆောက်ရာတွင် ထိရောက်စွာ အသုံးချစေရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေး စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော အဖွဲ့ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့၏ လုပ်ငန်းကဏ္ဍ အသီးသီးတို့ကို ရှင်းလင်းပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် "အမျိုးသမီး ဘဝဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဟူသော အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေက ဖွဲ့စည်းပုံနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်း ပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် ပါဝင်လိုသူများ လျှောက်ထားနိုင်ပုံတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ အမျိုးသမီး ငယ်/ရွယ်နှင့် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ပြန်ကြားဆက်သွယ်ရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး/စီမံရေးရာ လုပ်ငန်းအဖွဲ့တို့၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ပညာရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်ပါမောက္ခ ဒေါ်မင်းသက်မွန်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့တို့၏ ဖွဲ့စည်းမှုနှင့်လုပ်ငန်း တာဝန်များကို လည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းအဖွဲ့တို့၏ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို အသီးသီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်ကြရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသော ငွေကျပ်ငါးသိန်းကို နာယကဒေါ်ခင်မိမိကလည်းကောင်း၊ မကွေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်ငါးသိန်းကို တိုင်းအထွေထွေအုပ်ချုပ်ရေးမှူးဦးအောင်ဝင်းကလည်းကောင်းလှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က လက်ခံရယူပြီး ကျေးဇူးတင်မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့်ပါမောက္ခဒေါက်တာ ဒေါ်မေမေရီနှင့် ဒေါ်သန်းသန်းနွဲ့ တို့ ဦးဆောင်သည့်အဖွဲ့တို့က အစည်းအဝေးတက်ရောက်လာကြသည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဒေါ်မေရီနှင့် ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ပုဂံယဉ်ကျေးမှုဗိမာန်သို့ သွားရောက်လေ့လာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆင်နယ်-ချယ်လ်ဆီး၊ မန်ယူ-မန်စီးတီးပွဲများနှင့် အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များ

**ဟင်္သာ**

အင်္ဂလန်၏ သက်တမ်းအရင့်ဆုံးပြိုင်ပွဲကြီး တစ်ခုဖြစ်သော အက်ဖ်အေ ဖလားပွဲမှာ ပဉ္စမအဆင့်ကို ရောက်လာပြီဖြစ်သည်။ ပဉ္စမအဆင့်ပွဲများကို ဖေဖော်ဝါရီလ ၁၄ရက်နှင့် ၁၅ရက်များ၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ရာ ပရိသတ် စိတ်ဝင်စားမည့် ပွဲကောင်းများ ပါနေသည်။ ယခုအဆင့်သို့ ပရီမီယာရှစ်မှ ရှစ်သင်းတက်ရောက်လာခဲ့ကြရာ ပရီမီယာရှစ်အသင်းအချင်းချင်း ယှဉ်ပြိုင်ကြရမည့်ပွဲက သုံးပွဲပါနေသည်။ ကျန်သည့် နှစ်သင်းမှာမူ ပထမတန်းမှ အသင်းများဖြစ်၍ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပရီမီယာရှစ်အသင်းအချင်းချင်း ယှဉ်ပြိုင်ရမည့် သုံးပွဲမှာလည်း စိတ်ဝင်စားစရာပွဲများဖြစ်နေသည်။ အာဆင်နယ်နှင့် ချယ်လ်ဆီး၊ မန်ယူနှင့် မန်စီးတီးတို့ပွဲများမှာ ပရိသတ် အကြိုက်တွေ့နိုင်သည့်ပွဲများ ဖြစ်သည်။ ပရီမီယာရှစ်၌ ထိပ်ဆုံးမှာ ဦးဆောင်နေသည့် အာဆင်နယ်နှင့် ချယ်လ်ဆီး စောစောစီးစီး ဆုံကြရသဖြင့် တစ်သင်းတော့ ပဉ္စမအဆင့်နှင့် ကျေနပ်လိုက်ရမည်မှာ သေချာနေသည်။ မည်သည့်အသင်း ဖြစ်သွားမည်နည်း။ မန်ချက်စတာ နှစ်သင်း၏ ဒါဘီပွဲကလည်း စိတ်ဝင်စားဖို့ကောင်းနေသလို သည်ရာသီ၌ အက်ဖ်အေဖလားကိုသာ ပစ်မှတ်ထားရတော့မည့် လီဗာပူးကလည်း ပရီမီယာရှစ်မှ ပို့စ်မောက်နှင့် ရင်ဆိုင်ရမည်ဖြစ်ရာ ဖေဖော်ဝါရီ၁၄ရက်နှင့်၁၅ရက်မှ အက်ဖ်အေပွဲများမှပရိသတ်ကို စိတ်လှုပ်ရှားမှုများ ပေးစွမ်းနိုင်ဦးမည်မှာ သေချာသလောက်ပင်။

**အက်ဖ်အေဖလားပဉ္စမအဆင့် ၁၄/၁၅-၂-၂၀၀၄**

**အာဆင်နယ်-ချယ်လ်ဆီး**

အာဆင်နယ်မှာ အက်ဖ်အေဖလား၌ ချယ်လ်ဆီးကို ကျော်လွှားနိုင်တိုင်း ဗိုလ်စွဲလေ့ရှိသည်ဟုဆိုကြသည်။ ပြီးခဲ့သည့် ရာသီကလည်း ထိုအဆို မှန်ကန်ကြောင်း ပူပူနွေးနွေး သက်သေပြထားသည်။ ပြီးခဲ့သည့်ရာသီက အက်ဖ်အေဖလား ကွာတားအဆင့်၌ ဤနှစ်သင်းဆုံခဲ့ကြသည်။ ပွဲအဖြေက ၂-၂ ထို့ကြောင့် စတန်းဖို့ဒ်ဘရစ်ချ်သို့ ပြောင်းပြီး ပြန်ကစားခဲ့ရသည်။ ထိုပွဲ၌ အာဆင်နယ် ခြေစွမ်းပြသွားသည်။ အိမ်ရှင်ကို နာလန်မထူအောင်နှိပ်ကွပ်လိုက်သည်။ ရလဒ်က ၃-၁၊ အာဆင်နယ်ဆီမီးရောက်သွားသည်။ ယခုလည်း ဤနှစ်သင်း ပဉ္စမအဆင့်၌ လာဆုံနေပြန်ပြီ ကစားရမည်ကလည်း ဟိုက်ဘရီ၌ဖြစ်နေသည်။ သည်ရာသီပရီမီယာရှစ်၌ ဟိုက်ဘရီကွင်း၌ ဆုံခဲ့ကြစဉ်ကလည်း နိုင်ထားသည်မှာ အာဆင်နယ်ပင် ၂-၁၊ ပြီးခဲ့သည့် ၁၀စုနှစ်တစ်ခုလုံး ဟိုက်ဘရီ၌ ချယ်လ်ဆီးတို့ အာဆင်နယ်ကို မဖြိုနိုင်ခဲ့သည်က ဤပွဲ၌အာဆင်နယ်အတွက် အသာရနေသည့် အချက်ပင်ဖြစ်သည်။ လက်ရှိခြေစွမ်းများအရလည်း အာဆင်နယ်က ပိုပြီး တည်ငြိမ်နေသည်။

ရှေ့၊ လယ်၊ နောက်အားလုံး ညီညွတ်မျှတနေသည်။ ပြီးနောက် အက်ဖ်အေဖလားကိုလည်း သုံးနှစ်ဆက်တိုက် ရယူရန် ဆန္ဒပြင်းပြနေကြသည်။ ချယ်လ်ဆီး ခြေစွမ်းမှာမူ ပုံမှန်မရှိသေး။ အထူးသဖြင့် ချယ်ဆီး ခံစစ်ကြောင်းကို ယုံစား၍မရ။ အပြောင်းအလဲများပြီး တည်ငြိမ်မှု နည်းနေသည်။ ထိုခံစစ်မျိုးဖြင့် အာဆင်နယ်ကို ထိန်းနိုင်ရန် လွယ်မည်မထင်မိ။ သည်တော့ ယခုပွဲ၌ အာဆင်နယ် အပြတ်ဖြတ်မဖြတ်က အရေးကြီးနေသည်။ ပွဲများ တောက်လျှောက်ကစားရန် ရှိနေသေးသည့် အာဆင်နယ်သည်ပွဲကို အနိုင်ကစားလိမ့်မည် ထင်သည်။

**မန်ယူ-မန်စီးတီး**

ဒါဘီပွဲ ဖြစ်နေသည်။ သည်နှစ်သင်းဆုံတိုင်း မည်သည့်အသင်းမှအလျှော့ ပေးလေ့မရှိ။ မနိုင်နိုင်အောင် ညှစ်ကန်ကြလေ့ရှိသည်။ ထို့အပြင် သည်ပွဲ မှာ မန်ယူထက်စာလျှင် မန်စီးတီးက ပို၍အရေးကြီးနေသည်။ ပရီမီယာရှစ်၌ မျက်နှာပန်းမလှခဲ့သည်ကို အက်ဖ်အေဖလားပွဲနှင့် ပြန်ထေလိုနေသည်။ ထို့ကြောင့်လည်း အက်ဖ်အေ၌ မန်စီးတီး အတော် အားထည့်ကစားနေသည်။ တော့တင်ဟမ်နှင့် ပြန်ကစားသည့်ပွဲ ကို သတိရလိုက်ပါ။ တော့တင်ဟမ်၏ ဝှိုက်ဟတ်လိန်း၌ ကစားခဲ့ကြသည်။ သုံးဂိုးပြတ်ရှုံးနေသည်။ လူကလည်း ၁၀ယောက်တည်း ကျန်သည်။ ထိုအနေအထားဖြင့် တော့တင်ဟမ်ကို ပြန်လှန်ကစားသည်။ လေးဂိုးဆက်တိုက်ပြန်သွင်းသည်။ မန်စီးတီး ၄-၃ဖြင့် နိုင်လိုက်ပြီး မန်ယူနှင့် တွေ့ဖို့ဖန်လာခဲ့ခြင်း ဖြစ်သည်။ ထိုပွဲကစားသွားသည့် ဒုတိယပိုင်း ခြေစွမ်းမျိုးဆိုလျှင် မန်ယူလည်း လွယ်မည်မထင်။ မန်ယူခံစစ်လျော့ရဲနေသည်။ အဲဗာတန်နှင့်ပွဲ တွင် သုံးဂိုးအသာမှ သုံးဂိုးပြန်ပေးခဲ့ရသည့် ပုံစံမျိုးဖြင့် ဒါဘီပွဲနွှဲလျှင် အခြေအနေဆိုးသွားနိုင်သည်။ သို့ရာတွင် မန်ယူ၏ အားသာချက်က တိုက်စစ်အားကောင်းနေခြင်းဖြစ်သည်။ ဆာဟာ၊ နစ္စတယ်ရွိုင်းအတွဲ အလုပ်ဖြစ်နေသည်။ အတွဲညီနေသည်။ သည်တော့ခပ်ညံ့ညံ့ ခံစစ်ကိုပိုင်ဆိုင်ထားသည့် မန်စီးတီးအတွက် စိုးရိမ်စရာကောင်းနေသည်။ သည်ရာသီ ပရီမီယာရှစ်ပွဲအဖြစ် အိုးလ်ထရက်ဖို့ဒ်၌ ဆုံခဲ့ကြစဉ်က မန်ယူနိုင်ထားသည်။ ၃-၁။ ယခု ကစားရမည်ကလည်း အိုးထရက်ဖို့ဒ်၌ ဖြစ်သည်။ မန်စီးတီးခံစစ်မည်မျှ တောင့်တင်းအောင် လုပ်နိုင်မည်ကိုသာ စောင့်ကြည့် ရလိမ့်မည်။ မန်ယူနိုင်ဖို့ များနေသည်။

**လီဗာပူး-ပို့စ်မောက်**

လီဗာပူး၏ ဖလားမျှော်လင့်ချက်မှာ အက်ဖ်အေပွဲသာ ရှိတော့သည်။ ထို့ကြောင့် ဤပွဲ ကို ဂရုတစိုက်ကစားလိမ့်မည် ထင်သည်။ ကစားရမည်ကလည်း အိမ်ကွင်းဖြစ်နေရာ လီဗာပူးဘက်မှာ အခွင့်အရေး ပိုရှိနိုင်သည်ဟု ထင်စရာပင်။ ပို့စ်မောက်၏ ဤရာသီအဝေးကွင်း ရလဒ်များမှာလည်း အားရစရာမကောင်းလှ။ အထူးသဖြင့် ယခုနောက်ပိုင်းပွဲများ၌ ပို့စမောက်၏ ခံစစ်ကြောင်း ယိုယွင်းနေသည်။ သို့သော် တိုက်စစ်အား တက်လာသည်ကို တော့သတိပြုသင့်သည်။ ယာကူဘူရှိသည်။ လိုအာလိုအာရှိသည်။ ရှရင်ဂမ်ရှိသည်။ ဘာဂါရှိသည်။ အတွေ့အကြုံရှိသူများ များနေ၍ ပွဲကို ထိန်းကစားတတ်သည်။ လီဗာပူး ရှေ့တန်းမှာလည်း ခုချိန်ထိ ဂိုးသွင်းနိုင်မည့် သူမရှိသလိုဖြစ်နေသည်။ အိုဝင် ဂိုးမရသည်မှာ ကြာပြီ။ ကီးဝဲလ်လည်း ဂိုးပေါက် ရှာမတွေ့။ ဟက်စကီးလည်း နာနေသည်။ ပွန်ဂိုလီ ပြန်ကစားနိုင်၍ တိုက်စစ်ကစားပုံ ကောင်းလာသလိုတော့ ရှိသည်။ ဂိုးရအောင် သွင်းနိုင်ဖို့ပဲ လိုနေသည်။ ပို့စ်မောက်ခံစစ်ကလည်း သိပ်စိတ်ချထား၍ မရသေးရာ လီဗာပူးအတွက် အနိုင်ကို မျှော်လင့်နိုင်ခွင့်တော့ ရှိနေသည်။

**ဆန်းဒါးလန်း-ဘာမင်ဂမ်**

ပြီးခဲ့သည့် ရာသီကမှ ပရီမီယာရှစ်မှ ဆင်းသွားရသည့် အသင်းဖြစ်သည်။ ခြေရည်ခြေသွေး သိပ်မဆိုးလှ။ ကစားနိုင်သည့် ကစားတတ်သည့် ကစားသမား များရှိနေသည်။ ကစားရမည်ကလည်း ဆန်းဒါးလန်း၏ အလင်းရောင်ကွင်း၌ ဖြစ်သည်။ သို့အတွက် ဆန်းဒါးလန်းကိုလျှော့တွက်၍မဖြစ်။ ဘာမင်ဂမ်ကလည်း ခုတလော ခြေမှန်နေသည်။ အထူးသဖြင့် ခံစစ်ကစားပုံ ကောင်းလွန်းနေသည်။ သို့သော် တိုက်စစ်က မရှိ။ ဂိုးသွင်းနိုင်မည့်သူအားနည်းနေရာ ယခုပွဲကို ထိန်းကစားပြီး ဆန်းဒါးလန်းကို ကိုယ့်ကွင်းသို့ ဆွဲခေါ်သွားဖွယ် ရှိနေသည်။ ပြီးခဲ့သည့်ရာသီက ဤနှစ်သင်း ဆုံခဲ့စဉ်က ရလဒ်များမှာ ဆန်းဒါးလန်းကွင်း၌ ၀-၁၊ ဘာမင်ဂမ်အနိုင်၊ ဘာမင်ဂမ်ကွင်း၌ ၂-၀ ဘာမင်ဂမ်ပင် အနိုင်ရထားသည်။ သို့အတွက် သည်ပွဲ၌ ဘာမင်ဂမ် အနိမ့်ဆုံး သရေကျအောင် ထိန်းကစားနိုင်စွမ်း ရှိနေသည်။

**ဖူလ်ဟမ်-ဝက်စ်ဟမ်း**

ဝက်စ်ဟမ်းမှာလည်း ဆန်းဒါးလန်းလို ပြီးခဲ့သည့် ရာသီက အတန်းဆင်း သွားရသည့်အသင်း ဖြစ်သည်။ လူကောင်းများလည်းမရှိတော့။ကစားရမည် ကလည်း ဖူလ်ဟမ်ကွင်း ဖြစ်နေသည်။ စတုတ္ထအဆင့်၌ ဝုလ်ဖ်ကို အဝေးကွင်း၌ အနိုင်ရခဲ့သော်လည်း ဖူလ်ဟမ်မှာ ဝုလ်ဖ်ထက် အိမ်ကွင်း ပိုမာသောအသင်း ဖြစ်သည်။ သို့ရာတွင် ပရီမီယာရှစ်၌ ပြီးခဲ့သည့်ရာသီက ဤနှစ်သင်းဆုံခဲ့ ကြစဉ်က ဝက်စ်ဟမ်းကို ဖူလ်ဟမ်နှစ်ပွဲစလုံး မနိုင်ခဲ့။ အိမ်ကွင်း၌ ရှုံးသည်။ ၀-၁၊ အဝေးကွင်း၌ သရေကျသည်။ ၂-၂။ ထို့ကြောင့် ဖူလ်ဟမ် သတိတော့ ထားရလိမ့်မည်။ အခြေအနေနှင့် အချိန်အခါပြောင်းလဲနေလျက်ရှိရာ ယခင်ကရလဒ်များကိုချည်းကြည့်ပြီး တွက်ဆပြောင်းလဲမှု သဘော တရားများအရ ဖူလ်ဟမ် တိုးတက်နေသည်။ ဝက်စ်ဟမ်း နိမ့်ဆင်းသွားသည်။ ထို့ကြောင့်သည်ပွဲတွင် ဖူလ်ဟမ်ကိုသာ အနိုင်ပေးရတော့မည်ဖြစ်သည်။

**ကျန်ပွဲစဉ်များ**

**ထရန်မီယာ-ဆွမ်စီ။**

**ရှက်ဖီးယူနိုက်တက်-ကိုချက်စတာ။**

**ကဲလ်ဖို့ဒ်/မေဓေါလ်-ဘန်လေ။**

## ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်

**လှိုင်ကော် ဖေဖော်ဝါရီ ၃**

ကယားပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် ပြည်နယ်အမျိုးသမီးအားကစားကော်မတီက ကြီးမှူးကျင်းပသည့် ကာယအလှမယ် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခိုင်သက်မွန်က ပညာရေး ဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သည့် ပထမရရှိသူ မဇင်မာမြင့်အား ၂၀၀၄ခုနှစ် ကယားပြည်နယ် ကာယအလှမယ်စလွယ်ကို ဆင်မြန်းပေးပြီး ဂုဏ်ပြုဆုကို ချီးမြှင့်သည်။ ထို့နောက် ကျန်ဆုများအား တာဝန်ရှိသူများက ဆက်လက်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ဖေဖော်ဝါရီ ၈ရက်က ဗဟန်းမြို့နယ် အောင်မြေသုခကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသာဂရ ကြီးမှူး၍ တတိယအကြိမ်မြောက် လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီးနှင့် တတိုင်းရစေတီတော် နဂါးရုံဘုရားကြီး ဗုဒ္ဓါဘိသေက၊ မင်္ဂလာနှင့် သံဃာတော် ၈၅ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ကျောင်းတိုက်အတွင်း ကျင်းပစဉ်။ (မြန်မာ့အလင်း)**

## မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းပြသရှင်းလင်း

**ရေး ဖေဖော်ဝါရီ ၅**

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်း စီမံချက်ဇာတ်တိုက် လေ့ကျင့်မှုကို ဇန်နဝါရီ ၂၈ရက်က ရေးမြို့ မြသီတာဈေး၊ ဗိုလ်ချုပ်ဈေး၊ အောင်သီတာဈေး၊ ဝင်းသုခရတနာဈေးရှေ့၌ ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိဦးအောင်ရွှေ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးလှမြင့်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်နှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ တက်ရောက်ကြသည်။

ရေးဦးစွာမြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ရွှေ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်တို့က မီးငြိမ်းသတ်နည်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် မီးသတ်ဦးစီးဌာနဝန်ထမ်းများက တက်ရောက်လာသည့် ဈေးသူဈေးသားနှင့် စည်ပင်ဝန်ထမ်းများကို မီးကာကွယ်ရေး နည်းစနစ်များကို ရှင်းလင်းကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဇန်နဝါရီ ၃၁ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်းအမှတ်(၁၁)ကျောင်းခန်းမတွင် ပညာရည်ချွန် ဆုပေးပွဲနှင့် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပရာ ကျောင်းတာဝန်ခံဆရာမကြီး ဒေါ်ခင်နှင်းအေးက တတိယတန်း ကျောင်းအုပ်စုဘက်စုံထူးချွန် ပထမဆုနှင့် ကျောင်းတွင်း ဘက်စုံ ပထမဆုရ မမြတ်မျိုးမွန်အား ဆုချီးမြှင့်ပေးအပ်စဉ်။ (က-ပ)**

**(၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှ မြို့မဈေးပတ်လည်သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် ရေမြောင်းတူးဖော်ခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်ပြည်သူ့ ရဲတပ်ဖွဲ့မှူးဦးသိန်းလှိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသီဟထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။(မြို့နယ်စည်ပင်)**

## ရွှေဘိုခရိုင်ဥက္ကဋ္ဌလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ရွှေဘို ဖေဖော်ဝါရီ ၂**

ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်သည် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ကန့်ဘလူမြို့သို့ ဇန်နဝါရီ ဖရက်က ရေးအေးသစ်တောစခန်း၊ ကျွန်းအထူး စိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ဆိပ်ဖူးမြောင်စံပြကျေးရွာ ကျန်းမာရေးဌာနရှိ ပရဆေးဥယျာဉ်နှင့် ဆေးခန်းအသစ်ဖွင့်လှစ်မည့် ဒီဂျစ်တယ်တယ်လီဖုန်းစက်ခလုတ်ခုံများကို စစ်ဆေးကြည့်ရှုပြီး မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌသည် ကျွန်းလှမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကာ မြို့နယ်အစည်း အဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းပြီးနောက် သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကင်းတပ်ရေလွှဲတမံနှင့် တာဘိုးဆည်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# သမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ကျောက်တန်း ဖေဖော်ဝါရီ ၁၀

**ရန်ကုန်တိုင်း ကျောက်တန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး**(အပေါ်ပုံ)**၏ (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၈ ရက်မှ လပြည့်နေ့ (ဖေဖော်ဝါရီ ၂၇ ရက်မှ မတ်လ ၅ ရက်နေ့) အထိ၊ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာအစီအစဉ်များဖြင့် ကျင်းပရန် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။**

(၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲ အခမ်းအနားကို တပေါင်းလဆန်း ၈ရက် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၈နာရီခွဲတွင်ရေလယ်ဘုရားလမ်းရှိပွဲတော် မုခ်ဦး၌ ကျင်းပပြီး ထိုနေ့မှ လဆန်း ၁၀ ရက်နေ့အထိ ရွှေပြည်ဟိန်း ကျောင်းတိုက်သီတဂူကြာတစ်ပွင့် တိပိဋက အရှင်ခေမာသီရိလင်္ကာရ၊ လိပ်ပြာကန် ကျောင်းတိုက်၊ ကြာနီကန်ကျောင်း၊ နိုင်ငံကျော် ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ)၊ အောင်စကြာကျောင်းတိုက်ဦးစီးပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတဓရ အောင်စကြာ ဦးစန္ဒသူရိယတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ စေတီတော်ဩဝါဒါစရိယ ဆရာတော်များ ဦးဆောင်သည့် သံဃာတော် အပါး(၃၀)တို့က အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲ၊ လပြည့်နေ့ နံနက်တွင် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီးတင် ဆက်ကပ်လှူဒါန်းခြင်းနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား ဆွမ်းသပိတ်များ ရေမျှောဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

တပေါင်းလပြည့်နေ့ (မတ်လ၅ရက်) နံနက်၁၀နာရီတွင် ပင့်သံဃာ ၁၅၆ ပါးတို့အား သာသနာ့ဗိမာန်တော်တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး၊ မွန်းလွဲ၁နာရီတွင် ပင့်သံဃာတော်များအား ဘုရားဖူးပါရမီရှင်များ လှူဒါန်းထားသည့် ၂၄ သိန်းတန်ဖိုးရှိ ငွေပဒေသာပင်များဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူ စေတနာရှင်များသည် ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၆-၂၅၀၅၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၀၉)**

# သမိုင်းဝင် နိဗ္ဗြောဓာဗျာဒိတ်ပေးဘုရား မြို့တွင်းဒေသစာရီ အပူဇော်ခံပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းပုသိမ်မြို့ အမှတ်(၂) နယ်မြေ တလိုင်းချောင်းရပ်ရှိမြို့၏ ကျက်သရေဆောင်သမိုင်းဝင် နိဗ္ဗြောဓာဗျာဒိတ်ပေး ဘုရားကြီး၏ နှစ်စဉ်ကျင်းပသည့် မြတ်စွာဘုရားနှင့် ရဟန္တာ ၅၀၀ မြို့တွင်း ဒေသစာရီ အပူဇော်ခံ ပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည်။

ဗုဒ္ဓဝင်နိပါတ်တော်အစဉ်အလာအရ ရှေ့ဆုံးမှ မြတ်စွာဘုရားနှင့် ရဟန္တာ ၅၀၀ ခြံရံလျက် ဥရုဝေလတောမှ ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခန်း၊ ၎င်းနောက်မှ ရှမ်းကုန်သည်များက ရာဇဂြိုဟ်ပြည်တွင် မြတ်စွာဘုရား ကြွရောက်နေသည်ကို ကပိလဝတ်ပြည်သို့ သတင်းကောင်းယူဆောင်၍ လှည်းများဖြင့် ခရီးပြင်းပြန်ခန်း၊ ကာဠုဒါယီ အမတ်ကြီးက မြတ်စွာဘုရားအား ကပိလဝတ်ပြည်သို့ ဖခမည်းတော်ထံ ကြွရောက်ရန် ပင့်လျှောက်ရန်အတွက် ရာဇဂြိုဟ်ပြည်သို့သွားခန်း၊ ၎င်းနောက်မှ သားတော်ရာဟုလာက မြတ်စွာဘုရားထံ အမွေတောင်းရန်သွားခန်း စသည်တို့ဖြင့် လှည့်လည်ကျင်းပကြကြောင်းသိရသည်။ **(က-ပ)**

# တရားစခန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့်အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ ဉာဏ်မြင်သမထဝိပဿနာ အကျင့်မြတ် အလုပ်ပေးတရားတော်ကြီးကို ဆရာ ဦးကျော်နိုင်ထွန်းကစမ်းချောင်းမြို့နယ်၊စမ်းချောင်းလမ်း၊ အမှတ် ၂၉ (ဒုတိယ)လွှာတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၂၄ရက်အထိမွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီထိဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဖေဖော်ဝါရီ ၅ ရက်က မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကျွန်းတောလမ်း လမ်းပခုံးဖို့ခြင်း၊ လမ်းပေါက်ဖာခြင်းလုပ်ငန်းကို အသေးစား ဖိရိုက်စက်ဖြင့် မြေထုခြင်း၊ ရေဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးစဉ်။** (က-ပ)

# အားကစားနှင့် ပညာရည်ထူးချွန်ဆုများပေးအပ်

**ကန့်ဘလူ ဖေဖော်ဝါရီ ၃**

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် စံပယ်နံ့သာကျေးရွာအုပ်စု လွဲဆိပ်ကျေးရွာ အခြေခံပညာ မူလတန်း (တွဲဖက်)ကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အားကစားနှင့်ပညာရည်ထူးချွန်သူများ ဆုပေးပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အစီအစဉ်အရ လက်ထောက်ပညာရေးမှူး ဦးအောင်သန်း၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်ဦးတို့က ကျေးလက်နှင့် မြို့ပြပညာသင်ကြားသင်ယူမှု အခွင့်အရေးကွာဟမှု မရှိစေရေး၊ နိုင်ငံတော်၏ဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်ချက်များကို အကျယ်တဝင့် ပြောကြားပြီး ဆုရ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။

**(၀၅၆)**

# (၁၃)ကြိမ်မြောက် မဟာစည်တရားစခန်းပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးအနောက် ရေတွင်းကုန်း ပဏ္ဍိတာရုံကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၉ ရက်အထိ အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာစည်နာယက ဘဒ္ဒန္တဝါသဝ (မြစ်သားဆရာတော်)၊ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကုသလ(မုဒုံ)၊ ရေတွင်းကုန်း ပဏ္ဍိတာရုံ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ မဟာစည်ဓမ္မကထိက ဘဒ္ဒန္တ ကုဿရိယ၊ ဓမ္မကထိက ဓမ္မာစရိယ ဘဒ္ဒန္တ ဩဘာသ (ညောင်ခါးရှည်)၊ တောင်ဝိုင်းလေး မဟာစည်သာသနာ့ရိပ်သာ မော်လမြိုင်မြို့ မဟာစည်ဓမ္မကထိက ဘဒ္ဒန္တ သုနန္ဒ(သိမ်ဇရပ်)တို့က နိဗ္ဗာန် ရောက်ကြောင်းတရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

**တိုရှီဘာစင်ကာပူ ပရိုက်ဗိတ် လီမိတက်နှင့် အောင်မြတ်သူ ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော ၂၀၀၄ခုနှစ် နှစ်သစ်ညစာ စားပွဲနှင့် တိုရှီဘာ အိမ်သုံး ပစ္စည်းအရောင်း မြှင့်တင်ခြင်းအခမ်းအနားကို ဖေဖော် ဝါရီ ၉ ရက်ညနေက ဂရင်းပလာဇာပတ် ရွိုင်ရယ် ဟိုတယ်၌ ကျင်းပရာ တိုရှီဘာစင်ကာပူမှ အထွေထွေမန်နေဂျာ Mr. Takeshi Hatta က အဖွင့်အမှာစကား ပြောကြားစဉ်။** (က-ပ)

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၄၁ရပ်ကွက်၊ တပ်ခွဲ၄ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ တူညီဝတ်စုံပေးအပ်ပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က ရပ်ကွက်ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်မီးသတ် တပ်ဖွဲ့ ဦးစီးမှူးဦးမြင့်ဟန်က မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအကြောင်း ဟောပြောစဉ်။** (က-ပ)

**ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ပြပွဲဖွင့်ပွဲ အခမ်းအနားကို လှိုင်သာယာ မြို့နယ် စက်မှုဇုန်အားကစားကွင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင် ဦးစိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (က-ပ)

# အင်္ဂပူမြို့ဘိုးဘွားရိပ်သာ၌ ပင်မငွေပဒေသာပင်လှူ

**အင်္ဂပူ ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် အင်္ဂပူမြို့ ဦးတင်ဦးဘိုးဘွားရိပ်သာတွင် နေထိုင်ကြသော အားကိုးရာမဲ့ အဘိုးအဘွားများအတွက် ပင်မငွေပဒေသာပင် အဖြစ် အလှူငွေပေးအပ် လှူဒါန်းပွဲကို ဇန်နဝါရီ ၁၇ ရက်က အဆိုပါ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့မှ အလှူရှင်ဦးမြင့်မောင်၊ ဒေါ်တင်တင်ဝင်းမိသားစုတို့ကဒုတိယ အကြိမ် ငွေကျပ်၁၀သိန်း ၅သောင်း၊ ဆန် ဆီ ဆားနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသစ်လွင်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အဆိုပါ အင်္ဂပူမြို့ ဦးတင်ဦးဘိုးဘွားရိပ်သာကို လွန်ခဲ့သော ၂၀၀၂ ဇွန် ၂၇ရက်က မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးမြင့်မောင်၊ ဒေါ်တင်တင်ဝင်းမိသားစုတို့က ဆောက်လုပ်လှူဒါန်းပြီး အားကိုးရာမဲ့ အဘိုးအဘွားများအား ကျွေးမွေးစောင့်ရှောက်လှူဒါန်းလျက်ရှိရာ ရပ်ဝေးရပ်နီးစေတနာရှင် အလှူရှင်များ အနေဖြင့် ဘိုးဘွားရိပ်သာသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၁၃၁)**

**ဇန်နဝါရီ ၃၁ ရက်က အမှတ် ၂၇ ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်နေ ကွယ်လွန်သူ မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးညီပုနှင့် သားဦးစံမောင်တို့အားရည်စူး၍ ဇနီးဒေါ်စန်းရင်နှင့် မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/ ၂ ရပ်ကွက် သင်္ဃန်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) အသင်းရုံးသို့ လာရောက်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ရွှေဓိုးကွက်)တို့က လက်ခံရယူစဉ်။** (က-ပ)

## မွေးနေ့ဆုတောင်း

စိတ်ထား မြင့်မြတ် ဖြူစင်သော မိခင်ကြီး ဒေါ်မြင့်မြင့်ကြည်၏ ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ကျရောက်သည့် (၅၇)နှစ်မြောက်မွေးနေ့မှ နှစ်ပေါင်း (၁၂၀) တိုင် အသက်ရှည် ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ယူနီဗာ့စ်ကုမ္ပဏီလီမိတက်**
**ချမ်းသာဆောက်လုပ်ရေး**
**ဝန်ထမ်းများ။**

မွေးနေ့ဆုတောင်း

## အများသိစေရန်

ရန်ကုန်တိုင်း မင်္ဂလာဒုံတပ်နယ်အိမ်ရာဝင်း တိုက်အမှတ် ၃၇၆၀အခန်း (၂)နေ ဦးအောင် ၁၂/မဂဒ (နိုင်) ၁၂၄၇၂၅ အား ဒေါ်ခင်သန်း ၁၂/မဂတ (နိုင်) ဝ၄၂၇၄၂က လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI ၄၄၇၉ (၁၆-၇-၂၀၀၃)ကို လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိတော့ပါ၍ ရုပ်သိမ်းလိုက်ပါကြောင်းနှင့် ၁၈-၇-၂၀၀၃ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်ကိုလည်း ဖျက်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်း**
**၁၂/မဂတ (နိုင်) ဝ၄၂၇၄၂**
**အမှတ်-၅၁၁၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ် မြေတိုင်းရပ်ကွက် (၁၀ဂျေ) မြေကွက်အမှတ် (ဗ/၈)ကိုသန်းမောင်-မသန်းမြ အမည်ရှိ နှစ်(၉၀)ဂရန်မြေအား အမှတ်(၃၀) သာယာကုန်းလမ်း ပုဇွန်တောင်မြို့နယ် နေ ဒေါ်သန်းမြ ၁၂/ပဇတ (နိုင်) ဝ၁၇၄၃၆ က မြေအမည်ပြောင်းခွင့် လျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး၊**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

မြဝတီဘဏ်လီမိတက်

MYAWADDY BANK LTD.

မြဝတီဘဏ်တွင် အများပြည်သူများယုံကြည်စိတ်ချစွာ ဆက်သွယ်၍ ငွေစာရင်းဖွင့်ခြင်းနှင့် ငွေလွှဲခြင်း လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်ပေးပါသည်။

- စာရင်းရှင် အပ်ငွေစာရင်းကို အကန့်အသတ်မရှိ ငွေသွင်းငွေထုတ် ပြုလုပ်နိုင်ပါသည်။
- ငွေစုဘဏ် အပ်ငွေကို တစ်ပတ်လျှင်တစ်ကြိမ် အကန့်အသတ်မရှိ ထုတ်ယူနိုင်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၀% ဖြစ်ပါသည်။ ( ၃ ) လ တစ်ကြိမ် အတိုးထည့်ပေးပါသည်။
- စာရင်းသေအပ်ငွေကို အကန့်အသတ်မရှိ အပ်နှံနိုင်ပြီး တစ်နှစ်လျှင် ၁၀% အတိုးဖြင့် (၃)လ၊ (၆)လ (၉)လ နှင့် (၁၂)လ အပ်နှံနိုင်ပါသည်။
- ငွေလွှဲပို့ခြင်း လုပ်ငန်းများကို မြဝတီဘဏ်ခွဲများအပြင် မြန်မာ့စီးပွားရေးဘဏ် အားလုံးသို့ ငွေလွှဲ လက်မှတ်ဖြင့် အကန့်အသတ်မရှိ ငွေလွှဲပို့နိုင်ပါသည်။
- အစိုးရဌာနများ၌ ငွေပေးချေရန်အတွက် ( Payment Order ) များဝယ်ယူနိုင်ပါသည်။
- တင်ဒါအာမခံ ( Tender Bond ) ကြိုတင်ငွေပေးချေမှုအာမခံ ( Advance Payment Guarantee) ဆောင်ရွက်ပြီးမြောက်မှုအာမခံ ( Performance Guarantee ) စသည့် အခြား ဘဏ်အာမခံများ ရယူနိုင်ပါသည်။
- အမြဲတမ်းညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပေးရန် ( Standing Instruction ) များဘဏ်သို့ ပေးနိုင်ပါသည်။
- မိမိအပ်နှံထားသော ငွေပမာဏကို အကန့်အသတ်မရှိ စိတ်တိုင်းကျ ပြန်လည်ထုတ်ယူနိုင်ပါသည်။

စိတ်ချရတဲ့ မြဝတီဘဏ်
လုံခြုံ လျှို့ဝှက် ၊ ဆောင်ရွက် မြန်မှန် ၊ မြဝတီဘဏ်
အတိုးများစွာ ရဖို့ရာ ၊ မြဝတီဘဏ်မှာ ငွေစုပါ။

မြဝတီဘဏ် (ရုံးချုပ်) - ၂၄ / ၂၆ ဆူးလေဘုရားလမ်း ၊ ရန်ကုန်မြို့ ။
Tel : ၂၅၆၀၅၇ ၊ ၂၅၆၀၅၉ ၊ ၂၅၆၀၆၂
Fax : ၂၄၃၃၃၂ ၊ ၂၅၀၀၀၉၃ ၊ ၃၇၁၆၇၅ ၊ ၃၇၁၆၇၆ ၊ ၃၇၁၆၇၇
Email : mwdbankygn@mptmail.net.mm

မြဝတီဘဏ်ခွဲများ - မန္တလေး ၊ မုံရွာ ၊ တောင်ကြီး ၊ မကွေး ၊ ပုသိမ် ဘုရင့်နောင်

Happy Valentine's Day

Karaoke Lounge

For Reservation No(7) Saya San Road, Bahan Township, Yangon.
Tel : 548526, 541162, 541163.

Life Attains Perfection Only by
Maha Satipatthana Vipassana

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစောလွင်(စစ်တွေ)**
**B.Sc (Engg) Civil ; M.S.C.E (Mich:)**
**ဒုတိယအင်ဂျင်နီယာချုပ် (ရေအားလျှပ်စစ်၊ ငြိမ်း)**
**အကြံပေးအရာရှိ(ငြိမ်း)**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**အသက် (၇၂)နှစ်**

ဒုတိယအင်ဂျင်နီယာချုပ် (ရေအားလျှပ်စစ်၊ ငြိမ်း)၊ အကြံပေးအရာရှိ (ငြိမ်း) ဦးစောလွင် အသက် (၇၂)နှစ်သည် ၈-၂-၂၀၀၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၁)တည်ဆောက်ရေး**
**ရေအားလျှပ်စစ်ဦးစီးဌာန**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**မောင်နိုင်မြင့်ထွန်း (B.Sc. Chemistry)**

သားလေး မိသားစုကို မမျှော်လင့်ဘဲ ခွဲခွာသွားတာ ၁၃-၂-၂၀၀၆ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပါပြီ၊ ကြေကွဲစွာဖြင့် သတိရလျက်ပါ။ တစ်နှစ်တာပတ်လုံး သားနာမည်များဖြင့် လှူဒါန်းခဲ့သော ကုသိုလ်များ၊ ယနေ့ယခု လှူဒါန်းရသော ကုသိုလ်များနှင့် ဖေဖေ၊ မေမေတို့၏ နေ့စဉ်ပြုလုပ်ပေးနေသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကို သားအား အမျှပေးဝေပါတယ်။ ကြားသိခံစားရ၍ အဆင့်မြင့်သော ဘုံဘဝသို့ရောက်ရှိပါစေ။

သားရေ - အမျှ-အမျှ-အမျှ

**ဖေဖေ - ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)**
**မေမေ - ဒေါ်လှလှနွဲ့**
**မမကြီး - မစုမြင့်ထွန်းနှင့် ကိုအောင်**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးခင်မောင်လေး–ဒေါ်အုန်းမြင့်
တို့၏သားထွေး
**မောင်ကျော်သူ** B.Sc (Geol.) D.A.G., M.Sc.,M.Res., Ph.D. (Thesis)
သရုပ်ပြ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
နှင့်
ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးဘိုးအောင် (ငြိမ်း)–ဒေါ်ဘေဘီ
တို့၏သမီးကြီး
**မသူဇာအောင်** B.Sc.(Geol.)D.A.G., M.Sc. M.Res.
"MACLE" Gem Trade Laboratory, F.M.I Centre

တို့၏ ၁–၂–၂၀၀၄ ရက် ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာစံပယ်ပန်းကုံး ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်းနှင့်ဇနီး ဒေါ်အေးအေး၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီးဒေါ်ကြည်ကြည်အုန်း၊ ၂၉–၁–၂၀၀၄ ရက် နေအိမ်တွင်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၏ဇနီး ဒေါ်ခင်မိမိလေး၊ တွဲဘက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၏ ဇနီးဒေါ်မူမူမြင့်၊ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးချုပ်မော်သိန်းနှင့်ဇနီးဒေါ်ခင်သီတာဦး၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၏ဇနီး ဒေါ်သက်သက်ဆွေ၊ ဒုတိယဝန်ကြီးသူရဦးသောင်းလွင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၏ဇနီး ဒေါ်သဇင်နွယ်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့် ဇနီးဒေါ်မြင့်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော မခိုင်လဲ့ကြည်၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ကိုင်ဆောင်ပေးကြသော ခိုင်နှင့်မအိအိတင်၊ သတို့သား သတို့သမီး အရန်အဖြစ် ကူညီဆောင်ရွက်ပေးကြသော မောင်ချစ်မင်းဦး နှင့် မခင်မာဖြူ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မိတ်ကပ်ဖြင့်အလှပြင်ပေးသော ပွင့်၊ ပန်းအလှပြင်ပေးသော နီနီပွိုင့်၊ သတို့သမီးဝတ်စုံ ဖန်တီးပေးသော ဦးမြင့်စိုး၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပွဲအောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို လှိုက်လှဲစွာဖြင့် ဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ကျော်သူ–မသူဇာအောင်။**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၄ ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် ၁၁၂၂ နေ
ဦးသောင်းမြင့် (ဝက်လက်မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ ငြိမ်း)–
(ဒေါ်ရီရီသန်း) (ဝက်လက် အထက–ငြိမ်း)
တို့၏သား
**မောင်အောင်သူရ** A.G.T.I (E.,C),
Final Year (Philo) OTIS, Singapore
နှင့်
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၃ လမ်း၊ အမှတ် ၈၂ နေ
ဦးမြင့်စိုး–ဒေါ်နီနီခင်
တို့၏သမီး
**ဒေါက်တာမိုးဝါ** M.B.,B.S, M.Med.Sc (Anaesthesia)
မေ့ဆေးအထူးကု၊ မကွေးပြည်သူ့ဆေးရုံကြီး

တို့၏ ၁၂–၂–၂၀၀၄ ရက် International Business Centre ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေအပေါင်းအသင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း၊

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်သူရ–ဒေါက်တာမိုးဝါ။**

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ (အမှတ်–၃ လမ်းမကြီးဘေး) မြေအကျယ် ပေ ၁၂၀ Xပေ ၁၂၀၊ RC နှစ်ထပ်၊ အိပ်ခန်းလေးခန်း၊ ရေ၊ မီး၊ ဖုန်း။
**ဆက်သွယ်ရန်–၂၄၉၀၈၈၊ ၂၅၃၃၆၃**

### ကားရောင်းမည်

(၄၈)လိုင်းကား Nissan စီပီလျှံ ၁၃/၉––– ကန်ထရိုက်ဖြင့် ပြန်ငှားမည်။
**ဖုန်း–၆၄၀၂၂၈၊ ၆၄၁၇၅၉၊ ၆၄၁၈၃၄**

## မင်္ဂလာဦးဆွမ်းကျွေး ကျေးဇူးတင်လွှာ

ကျွန်တော် **မောင်အောင်နိုင်** B.Sc (Chemistry)
နှင့်
ကျွန်မ **မမူမူ** B.Sc (I.C)(Q)
တို့၏

၁၂–၂–၂၀၀၄ ရက်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ကြွရောက်လာကြသော ဆရာ ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**မောင်အောင်နိုင်–မမူမူ**
**မန္တလေးမြို့။**









### မွေးသက္ကရာဇ်အမှန်

အဖ ဦးစိုင်းရီ၏သမီး တာချီလိတ်မြို့ အထက၊ဆဌမတန်း(က)မှ ကျောင်းဝင်အမှတ်–၁၃၈၉၁ နန်းကိန်ခမ်း(ခ) နန်းမွေ၏ မွေးသက္ကရာဇ်အမှန်မှာ ၅–၁၁–၁၉၉၂ ဖြစ်ပါကြောင်း။

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးတင်အောင်

**ဘောင်းနို့ဆီတိုက်**

**(မန္တလေး)**

**အသက်(၆၈)နှစ်**

မန္တလေးမြို့ (ဦးစံတင်-ဒေါ်တင်တင်)(ဘောင်းနို့ဆီတိုက်)တို့၏သားကြီး၊ (ဦးညိုအေး)-ဒေါ်ခင်သန်းနွယ်(မှတ်တမ်းရုံး)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်အုန်း၊ အုပ်ခွဲတပ်ကြပ်ကြီးကြည်စိုး-ဒေါ်ဘေဘီမြင့်၊ (ဦးတင်အုန်း-ဒေါ်ခင်ဝင်း)၊ ဦးမြသိန်း-ဒေါ်ခင်စန်းရီ၊ ဦးသန်းထွန်း-ဒေါ်ခင်နှင်းရီတို့၏အစ်ကိုကြီး၊ တူ/တူမ ၃၀ ယောက်တို့၏ဘကြီး၊ ပဲခူးတိုင်း၊တောင်ငူမြို့၊(၁၉)ရပ်ကွက်၊တိုင်းတံခွန်စားသောက်ဆိုင်နေ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ မနီလာအောင်၏ဖခင် ဦးတင်အောင်သည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၁၀ နာရီတွင် ဆာကူရာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမ**

## ဒေါ်စန်းစန်းမြင့် (တောင်သာမြို့)

**B.A (History)**

**အသက်(၃၉)နှစ်**

တောင်သာမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးငြိမ်းမောင်-ဒေါ်ပုတို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရာဇာဓိရာဇ်လမ်း၊(၄၁)ရပ်ကွက်၊ အမှတ် ၁၀၃၄ နေ (ဦးဗိုလ်)-ဒေါ်အုံးရင်တို့၏သမီးချွေးမ၊ ဦးမြင့်စိုး (IBS ကုမ္ပဏီ)-ဒေါ်သန်းသန်းစု(မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်)၊ ဒေါ်တင်တင်မြင့်(၃၃၃ ထန်းလျက်ပွဲရုံ)၊ ဦးဌေးဝင်း-ဒေါ်ကြူကြူခိုင်တို့၏ညီမ၊ ဦးဝင်းငွေ (ဓေယျာဝင်းပွဲရုံ၊ဘုရင့်နောင်)-ဒေါ်သန်းသန်းဆင့်၊ ဦးမြင့်ဦး-ဒေါ်ခင်နန်းနန်းထားတို့၏အစ်မ၊ မရမ်းကုန်းမြို့နယ်၊ သီရိမွန် ၃ လမ်း၊ သီရိမွန်ပလာဇာ၊ အမှတ် ၁၆ (ဒုတိယထပ်)၊ ဘုရင့်နောင်နေ ဗိုလ်မှူးစိုးအောင်(ကာကွယ်ရေးဦးစီးချုပ်ရုံး၊ လေ)၏ဇနီး၊ တစ်ဦးတည်းသော သားသားလေး၏မိခင်၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဌာန၌ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၀၄ရက်တွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဘုရင့်နောင်နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

---

## ဦးကျင်

**အသက်(၈၄)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊(၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၇၀၅ နေ (ဦးကောက်-ဒေါ်ကျင်မွေး)တို့၏သား၊ (ဒေါ်ကျင်လှိုင်)၏ခင်ပွန်း၊ ဒေါ်ရီရီဌေး၊ ဒေါ်ရီရီအေးတို့၏ဖခင်၊ မောင်သန့်စင်၏အဘိုးသည် ၁၂-၂-၂၀၀၄ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဦးခင်မောင်ညို

**ဒု-ညွှန်မှူး(ငြိမ်း)၊ (ထွေ/အုပ်)**

**ဒုတိယဥက္ကဋ္ဌ**

**ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ**

**ကြီးကြပ်ထောက်ပံ့ရေး**

**(အောက်မြန်မာပြည်)အဖွဲ့**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၃(၈)နေ ဒေါ်ယဉ်ယဉ်မေ(ပုဇွန်တောင် သ/မဆေးခန်း)၏ ခင်ပွန်း၊ စစ်ကိုင်းတောင်ရိုး၊ ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကြပ်ထောက်ပံ့ရေး(အောက်မြန်မာပြည်)အဖွဲ့၏ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့၊ သီရိလက္ခဏာရာမ၊ဒဂုံသာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာ့ဟိတကာရီအဖွဲ့၏ အတွင်းရေးမှူးသည် ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

---

## ဦးစိုးဝင်း

**မြန်မာ့သစ်လုပ်ငန်း**

**(ရေယာဉ်နှင့်ပို့ဆောင်ဌာန၊**

**ယာဉ်မောင်း)**

**အသက်(၅၃)နှစ်**

(ဦးဘတင်-ဒေါ်အေးတင့်)တို့၏သား၊ဒေါပုံမြို့နယ်၊ဗမာအေးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၄၅ နေ ဒေါ်ကုလားမ၏ခင်ပွန်း၊ ဦးထွန်းအောင်(မြန်မာ့သစ်လုပ်ငန်း၊ရေယာဉ်နှင့် ပို့ဆောင်ရေးဌာန)-မခင်မာဖြူ၊ [illegible]

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## အပုလေး(ခ)ဒေါ်ပု

**ဖီလိုမီနား**

**အသက်(၇၆)နှစ်**

သန်လျင်မြို့နယ်၊ သဲဖြူချောင်းကျေးရွာ (ဦးဘရှိန်-ဒေါ်ဖွားတင့်)တို့၏သမီး၊ နတ်စင်ကုန်းကျေးရွာနေ (ဦးကျင်မောင်-ဒေါ်ကလေးမ)၊ (ဦးထွန်းရင်-ဒေါ်သိန်းရင်)၊ ဗိုလ်ချုပ်ရွာနေ ဦးအောင်စိန် (ဒေါ်ခင်မြင့်)တို့၏ညီမ၊သဲဖြူချောင်းရွာနေ ဦးဖေသန်း၊ ဒေါ်သောင်း၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သမာဓိလမ်းနေ (ဦးဖုန်းမြိုင်) ဒေါ်နီနီထွန်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမာဒိဋ္ဌိလမ်း၊ အိမ်အမှတ် ၂၂ နေ ဦးညွန့်လှိုင် (MEPE၊ အငြိမ်းစား၊ ငွေစာရင်းအရာရှိ)၏ဇနီး၊ ဒေါ်တင်ရီ (အမက-၇၊ ဒေါပုံမြို့နယ်)၊ ဒေါ်ဝင်းရီ၊ ဦးအေးလွင်၊ ဦးဌေးဝင်း၊ ဒေါ်ရီရီလှိုင်၊ ပုသိမ်ညွန့်မြို့ပတ်လမ်းနေ ဦးကျော်ထင်၊ ဒေါ်နီလာရွှေ၊ အမှတ် ၄၈၊ သမာဒိဋ္ဌိလမ်းနေ ဦးဝင်းရှိန် (Palm Gold Co., Ltd.) ဒေါ်တင်တင်အေးတို့၏ မိခင်၊ မြေး လေးယောက်တို့၏ဘွားဘွားသည် ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၂-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် အမှတ် ၁၃၁၊ ကျိုက္ကဆံလမ်း၊ စိန့်ဖရန်စစ် ဘုရားရှိခိုးကျောင်းတွင်ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဦးခင်မောင်ဝင်း

**ဒု-ညွှန်မှူး၊**

**စက်မှုကြီးကြပ်ရေးနှင့်**

**စစ်ဆေးရေး၊ စက်မှု(၁)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၅၊ ပျဉ်းမလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးစိုးရင်)-ဒေါ်သိန်းကျင်တို့၏သား၊ (ဦးစံတင်-ဒေါ်မြမေ)တို့၏သားသမက်၊(ဒေါ်လှိုင်ကျင်)၏တူ၊(ဦးသန်းညွန့်၊ ကုန်သွယ်ရေး)-ဒေါ်စန်းရီတို့၏ညီ၊ ဒေါ်ခင်သောင်းကြည်၏ ခင်ပွန်း၊ ဗိုလ်ကြီးအောင်မျိုးဦး(ငြိမ်း)-မခင်မျိုးဝင်း၊ မောင်မျိုးကျော်သူ (လွယ်ဟိန်းကုမ္ပဏီ)-မဝင်းပပလင်း၊ မောင်မိုးကျော်သူ (ဘရဏီကုမ္ပဏီ)-မဖြူသန္တာမောင် [illegible]

---

## ဦးလှသိန်း

**အငြိမ်းစား၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၁၁၄/၁၅၊ သဇင်လမ်းနေ (ဦးအောင်သိန်း-ဒေါ်စောလှ)တို့၏သား၊ ဒေါ်ငြိမ်းငြိမ်း(အငြိမ်းစား၊ ကျောင်းဆရာမ)၏ခင်ပွန်း၊ ဦးကျော်ညွန့်-ဒေါ်သိန်းသိန်း၊ (ဦးတင်အောင်)-ဒေါ်မြမြသန်းတို့၏ညီ/မောင်၊ ဦးကျော်ကျော်ဆန်း-ဒေါ်စံပယ်သိန်း(ထ-၃၊ ပုဇွန်တောင်)တို့၏ဖခင်၊ ဖြူစင်သန့်(ထ-၂၊ ဗိုလ်တထောင်)၊ ဝေဇင်သန့်(ထ-၂၊ ဗိုလ်တထောင်)တို့၏အဘိုး၊ တူ/တူမ ၁၁ ယောက်တို့၏ဦးလေးသည် ၁၂-၂-၂၀၀၄ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစောလွင် (စစ်တွေ)

**B.Sc (Engg) Civil; M.S.C.E (Mich;)**

**ဒုတိယအင်ဂျင်နီယာချုပ် (ရေအားလျှပ်စစ်၊ ငြိမ်း)**

**အကြံပေးအရာရှိ (ငြိမ်း)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အသက်(၇၂)နှစ်**

ဒုတိယအင်ဂျင်နီယာချုပ်(ရေအားလျှပ်စစ်၊ငြိမ်း)၊ အကြံပေးအရာရှိ(ငြိမ်း) ဦးစောလွင် အသက်(၇၂)နှစ်သည် ၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယအင်ဂျင်နီယာချုပ်နှင့်ဝန်ထမ်းများ**
**ရေအားစက်ရုံများဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။**

---

## ဒေါ်နုလှ (စစ်တွေ)

**အသက်(၇၈)နှစ်**

ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ တိုက် ၃၅၊ အခန်း ၁၀၁(စီ)၊ ၁ လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ(ဦးဦးထွန်းလှ၊ အရေးပိုင်-ဒေါ်နှင်းဦးခိုင်)တို့၏ သမီးကြီး၊ (ဦးစံကျော်၊ ဒုညွှန်မှူး၊ မိုး/ဇလ၊ ငြိမ်း)၏ဇနီး၊ဒေါ်စံသာနု-ဦးမောင်မောင်သိန်း(အလုပ်ရုံခွဲမှူး၊ အုတ်ကျင်း ဂုန်နီစက်ရုံ၊ငြိမ်း)၊ ဦးအောင်လှထွန်း(မြို့နယ်စာရင်းစစ်ဦးစီးမှူး၊ မောင်တော)-ဒေါ်ခင်မိုးသောင်း၊ဦးမောင်မောင်လှ၊ဒေါ်သိန်းနု(မိုး/ဇလ)၊ ဒေါ်ရင်နု-ဦးမောင်မောင်ဌေး၊ ဦးအောင်ထွန်းကျော်(မိုး/ဇလ)-ဒေါ်မာလာသန်းတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၁-၂-၂၀၀၄ရက် နံနက် ၉:၃၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း**
**ဒါယိကာမကြီး**

## ဒေါ်အမာကြည် (ဇလွန်)

**ရွှေပင်ဆင့် အထည်ဆိုင်၊ မင်္ဂလာဈေး**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊ မြို့မကျောင်းလမ်း၊ တိုက်အမှတ် ၃၊ အခန်းအမှတ် ၁၁ နေ ဦးသိန်း၏ဇနီး၊ ဒေါ်တင်အေး(တွဲဖက်ပါမောက္ခ၊မြန်မာစာဌာန၊ ဟသ်ာတ တက္ကသိုလ်)၊ ဦးတင့်လွင်-ဒေါ်စန်းစန်းဌေး၊ ဦးတင်စိုး(ရွှေပင်ဆင့်-၂၊ မင်္ဂလာဈေး)-ဒေါ်ဝင်းသန်း(ကထိက၊ စာပေဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်)၊ဒေါ်စန်းစန်းဝေ၊ဒေါက်တာမြင့်ဦး(ဒဂုံတောင်၊ဒေသန္တရကျန်းမာရေးဌာန)-ဒေါ်မာမာဝေ (ရွှေပင်ဆင့်-၁၊ မင်္ဂလာဈေး)တို့၏မိခင်၊မြေး ၁၃ယောက်တို့၏အဘွားသည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

---

## ကိုလွင်မိုး (သန်လျင်)

**B.Sc (Maths)**

**အသက်(၃၇)နှစ်**

သန်လျင်မြို့၊ မြို့ဟောင်းအလယ် ရပ်ကွက်၊အောင်သုခနွယ်နီလမ်း၊ အမှတ် ၂၂နေ ဦးမောင်မောင်အေး (အငြိမ်းစား၊ ကျောင်းအုပ်ဆရာကြီး)-(ဒေါ်ကြင်အုန်း)တို့၏သား၊ ကျောက်တန်းမြို့၊ စံချိန်မီ ရပ်ကွက်နေ ဦးချစ်ပီ-ဒေါ်ခင်မြင့်တို့၏ သားသမက်၊ ဒေါ်စိုးမြင့်၊ ဒေါ်ရီရီဝေ (နယ်စပ်ကုန်သွယ်ရေး)တို့၏တူ၊ မန္တယ် [illegible]

---

**ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်သိန်းသိန်း(ခ) ဒေါ်လှသိန်း

**အသက်(၇၇)နှစ်**

ညောင်ဦးမြို့နေ (ဦးညွန့်-ဒေါ်ငှက်)တို့၏သမီး၊(ဦးတင်ရှိန်)၏ဇနီး၊ ရာသက်ပန်အသင်းဝင် ဒေါ်သိန်းသိန်း(ခ)ဒေါ်လှသိန်းသည် ၁၂-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းဝင်များလိုက်ပါပို့ဆောင်ကြရန် အသိပေးအကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊**
**ကျောင်းမြေဒါယိကာမကြီး**

## ဒေါ်တင်မြင့်(ခ) ဒေါ်တင်တင်ဝင်း

**အသက်(၅၈)နှစ်**

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊အမှတ် ၇၈ နေ (ဦးဇရက်-ဒေါ်ရွှေနု)တို့၏သမီးကြီး၊ (ဦးမောင်ရင်-ဒေါ်သီ)တို့၏သမီးချွေးမ၊ ဦးသစ္စာ (မုဒုံ ရဲစခန်း) - ဒေါ်ငယ်ငယ်တို့၏ညီမ၊ ဒေါ်ဘုတ်စုံ၊ ဒေါ်ပြုံး၊ ဦးဟန်စိန်-ဒေါ်ထူးစိန်၊ ဦးကျင်မောင် (ပြည်တွင်းရေကြောင်း)-ဒေါ်စု၊ ဦးဟန်ကြည် (မှတ်တမ်းရုံး)-ဒေါ်အေးအေးရွှေ၊ဦးအေးမြင့်-ဒေါ်နိုင်နိုင်မော်တို့၏အစ်မ၊ ဦးတင်ရွှေ၏ဇနီး၊ ဦးအဂ္ဂညာဏ(တောင်ဒဂုံရွှေကျင်ကျောင်းတိုက်)၊ ကိုစန်းမြင့်ဦး-မသန်းသန်းဌေး၊ ကိုသက်ဦး-မစန္ဒာခိုင်၊ ကိုအောင်အောင်-မချို၊ ကိုကျော်ကျော်-မအေးသီတာ (သတ္တဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ မမြသီတာတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား၊ တူ တူမ ၁၆ ယောက်တို့၏ကြီးတော်သည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်နော်အက်စတာကျော်(ခ) နော်အေးမေ

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ကြခင်းစု ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၄ နေ (ဦးဘိုးကျော်)-ဒေါ်နော်လွယ်ဝါးတို့၏ သမီး၊ ဦးပေါ်စိုးမင်း-ဒေါ်သောရီ၊ ဦးရွှေထွန်း-ဒေါ်အီကလဲတို့၏ညီမ၊ ဦးဖြူဖြူ-ဒေါ်အဲလာ၊ ဦးစောစေးတာ-ဒေါ်ဘဲဝါးတို့၏အစ်မ၊ ကိုဇော်မျိုးနိုင်-နော်လေး [illegible]

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး**

## ဦးညွန့်

**(သဲအင်းဂူနာယကဟောင်း)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗိုလ်ရှင်း ရေအိုးစင်ရွာမရပ်ကွက်၊ အမှတ် ၃၇၊ ဗဟိုလမ်းနေ(ဒေါ်အေးကြည်)၏ခင်ပွန်း၊ ဒေါ်မေဇင်ဦး၊ ဦးမျိုးမြင့် (Marina) ဒေါ်ခင်မာအောင်(လှယမင်း၊ ကလေးအကျီဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ ဖခင်၊ မသန္တာအောင်၊ မစုစုမျိုးမြင့်၊ မောင်ထွန်းအောင်မြင့်တို့၏အဘိုးသည် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

---

**ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး**

## ဒေါ်အုန်းကြည် (ခရမ်း)

**အငြိမ်းစားကျောင်းအုပ်ဆရာမကြီး**

**မဟာစည်သာသနာ့ရိပ်သာ**

**အသက်(၉၀)**

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊သစ္စာလမ်း၊ အမှတ် ၁၊ သုံးလွှာနေ (ဝတ်လုံတော်ရရှေ့နေ ဦးဘသော်-ဒေါ်သစ်)တို့၏သမီးကြီး၊(ဦးအုန်းကျော်) (လ/ထ ညွှန်မှူး၊ ငြိမ်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်စောရင်တို့၏ အစ်မကြီး၊ ဦးတင်ထွန်း-ဒေါ်ခင်ထွေး၊ဦးရွှေမောင်-ဒေါ်ကြင်ငွေတို့၏အဒေါ်၊ အမှတ် ၄၆၄၊ လေးလွှာ၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးစိုးဟန်(လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်လဲ့လဲ့ဝါတို့၏ ကြီးကြီးသည် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၄၆၄၊ လေးလွှာ၊ သိမ်ဖြူလမ်း နေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

---

## ဒေါ်သိန်းသိန်း(ခ)ဒေါ်လှသိန်း

**(ညောင်ဦးမြို့၊ချောက်မြို့)**

**အသက်(၇၇)နှစ်**

ညောင်ဦးမြို့နေ (ဦးညွန့်-ဒေါ်ငှက်)တို့၏သမီး၊ ချောက်မြို့နေ(ဦးတင်ရှိန်)၏ ဇနီး၊ ဦးသိန်းဆင့်-ဒေါ်နီနီရှိန်(အလက-၃၊ ချောက်မြို့)၊ ဗိုလ်ကြီးထွန်းအောင်ရှိန်(ငြိမ်း)-ဒေါ်သန်းသန်းအေး(အလက-၅၊ ရန်ကင်း)၊ ဦးသော်တာရှိန် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ လှိုင်မြို့နယ်)-ဒေါ်သီဂိဝင်း၊ ဒေါ်မာလာရှိန် (ရေနံ/လျှပ်စစ်၊ ချောက်မြို့)၊ ဦးကြည်မြင့်-ဒေါ်ကေသီရှိန် (ရေနံ/အုပ်ချုပ်ရေး၊ ချောက်မြို့)၊ ဒေါ်နှင်းဆီရှိန်(နှင်းဆီမူကြို၊ ချောက်မြို့)၊ ဒုရဲအုပ်ဇော်မင်းရှိန်(သုဝဏ္ဏ ရဲစခန်း)-ဒေါ်သီတာအောင်တို့၏မိခင်၊ မယဉ်ယမင်း၊ မငုဝါဝါရှိန်၊ ဗိုလ်စစ်မင်းဟန်၊ မောင်လင်းပိုင်၊ မဖြိုးဖြိုးခက်၊ မောင်ထက်မြက်ဇော်၊ မအေးချမ်းသူ၊ မောင်ဉာဏ်လင်းထွန်းတို့၏အဘွားသည် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၃:၃၅ နာရီတွင် အာရုတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၃၅၊ လှိုင်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

---

## ဦးခင်မောင်ညို

**ဒု-ညွှန်မှူး(ငြိမ်း)၊ (ထွေ/အုပ်)**

**အတွင်းရေးမှူး(မြန်အောင်အသင်း)**

**အသက်(၆၇)နှစ်**

မြန်အောင်မြို့၊ ဘတလင်ရပ်နေ (ဦးသစ်-ဒေါ်သိန်းတင်)တို့၏ သား၊ တောင်တွင်းကြီးမြို့နေ (ဦးဘသွယ်-ဒေါ်မြသန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၃(၈)နေ ဒေါ်ယဉ်ယဉ်မေ (ပုဇွန်တောင် သ/မဆေးခန်း)၏ ခင်ပွန်း၊ ကိုကျော်ဇေယျ(ကိုကျော်မင်း)၊ကိုသီဟ-မမေသန္တာညို (Interasia Lines) တို့၏ဖခင်သည် ၁၀-၂-၂၀၀၄ရက် (အင်္ဂါနေ့)ည ၈:၄၅ နာရီတွင် နေအိမ်၌ [illegible]

---

## တစ်လပြည့်ဆွမ်းကျွေးအလှူ

၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်(ကြာသပတေးနေ့)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသော ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်တထောင်ကျောင်းတိုက်၊ ရွှေရင်မျှော်ကျောင်းတိုက်၏ပဓာနနာယက(မြို့နယ်သံဃနာယကအဖွဲ့ဝင်) ဖြစ်တော်မူသော သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါရှိ ကျေးဇူးတော်ရှင် တတိယရွှေရင်မျှော်ကျောင်း ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ (သာသနဓဇသိရီပဝရဓမ္မာစရိယ) ဆရာတော်ကြီး၏ ကျေးဇူးတော်၊ ဂုဏ်တော်အနန္တတို့ကိုရည်မှန်း၍ ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက် (၁၄-၂-၂၀၀၄ရက်) စနေနေ့တွင် တစ်လပြည့်ဆွမ်းကျွေးအလှူ ပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား တရားတော်ကို အတူတကွ နာယူ၍ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ - ရွှေရင်မျှော်ကျောင်း**

**ကျင်းပမည့်အချိန် - နံနက် ၈ နာရီမှ ၁၁ နာရီအထိ**

**ရွှေရင်မျှော်ကျောင်း တပည့်သံဃာတော်များ။**

---

## ဒေါ်ညိုညို

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၊ နှင်းဆီလမ်း၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကျော်မြ-ဒေါ်ဖွားခြို)တို့၏သမီး၊ ဒေါ်အေးကြည်၊ (ဦးအုန်း)၊ (ဦးလှ)တို့၏ညီမ၊ (ဒေါ်ပို)၏အစ်မ၊ (ဦးမြကျော်)[ယခင် ပြည်သူ့တရားသူကြီးအဖွဲ့ဝင်၊ ငြိမ်း]၏ဇနီး၊ ဦးဖေဇော်ဦး(အကောက်ခွန်ဦးစီးဌာန)-ဒေါ်နွဲ့နွဲ့ဦး၊ ဦးမောင်မောင်ဦး(Lynx Entertainment)-ဒေါ်ခွာဖြူ၊ ကပ္ပတိန်မောင်မောင်ထူး(မြန်မာ့ကြယ်ငါးပွင့်)-ဒေါ်စန္ဒာဆွေတို့၏မိခင်၊ မောင်မောင်အောင်၊ ညီညီအောင်၊ မအိမွန်ထူး၊ မအိန္ဒြာထူးတို့၏အဘွားသည် ၁၂-၂-၂၀၀၄ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ညွန့်ညွန့်ကြိုင်

**အသက်(၈၁)နှစ်**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ အိမ်ရာ၊ တိုက် ၄၊ အခန်း ၂၈ နေ ရာသက်ပန် အသင်းဝင်အမှတ်(၃၄၂) ကန်တော့ခံ ဒေါ်ညွန့်ညွန့်ကြိုင်သည် ၁၁-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၀၄ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

---

**ရဟန်းမယ်တော်ကြီး**

## ဒေါ်ညွန့်တင်

**(ကျောက်ကြီးမြို့၊နွယ်တန်းကျေးရွာ)**

**အသက်(၇၇)နှစ်**

ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်၊ နွယ်တန်းကျေးရွာနေ (ဦးသူတော်-ဒေါ်မယ်ကြိုင်)တို့၏သမီး၊ (ဦးထွန်းအေး-ဒေါ်ကြာစေ့)တို့၏ သမီးချွေးမ၊ ဦးခင်မောင်၏ဇနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မသီရိကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတ၊ ဦးသန်းမြ-ဒေါ်ခင်နွယ်ဦး၊ ဒေါ်မြင့်သိန်း၊ (ဦးတင်ချစ်)-ဒေါ်သိန်းမြင့်၊ ဦးသန်းအေး၊ကိုဝင်းမောင်-မတင်ဌေး၊ ကိုမြဝင်း-မတင်မွေး၊ ကိုမောင်နိုင်-မမြင့်မြင့်မော်တို့၏မိခင်၊ မြေး ၁၇ ယောက်၊ မြစ် ရှစ်ယောက်တို့၏အဘွားသည် ၉-၂-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ သဒ္ဓမ္မသီရိကျောင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

---

## ဗိုလ်ကြီးနိုင်ဝင်း (ငြိမ်း)

**တေဇ(၅)**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၁၃/၂၃(ဒီ)၊ ရွှေဝါလမ်း၊ မာန်အောင်ရပ်ကွက်နေ ဦးစိန်လှိုင်(ညွှန်ချုပ်၊ ငြိမ်း၊ ကြေး/မြေ)-ဒေါ်လှခင်တို့၏ သား၊ ဒေါ်မြရင်၏တူသား၊ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန)-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်အေးမြင့် (အမက-၂၇၊ တာမွေ)၊ (ဦးရဲထွဋ်)(ဒု/ထွေဂျာ၊ သစ်လုပ်ငန်း)၊ ဒေါ်ခင်နီလာဝေးတို့၏ညီ/မောင်၊ဦးဖုန်းမြင့်၊ဦးဘုန်းဝင်း(အကောက်ခွန်၊ငြိမ်း)-ဒေါ်ခင်လေးကျော်၊ဦးသောင်းနိုင်-ဒေါ်ခင်မာကျော်၊ ဦးအောင်ထွဋ်တို့၏အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ဦးလေး၊မြေးတစ်ယောက်၏အဘိုး [illegible]

---

## ဒေါက်တာဦးညွန့်လွင်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်းကြင်းမြိုင်အိမ်ရာ ငါးထပ်ကြီးဘုရားလမ်း၊ တိုက် ၇၊ အခန်း ၂၀နေ(ဦးဘရင်-ဒေါ်ပန်း)တို့၏သား၊ (ဦးလုံး)-ဒေါ်မြသန်းတို့၏သားသမက်၊ ဒေါက်တာဒေါ်မြမြဝင်း(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပန်းဘဲတန်းမြို့နယ်)၏ခင်ပွန်း၊ ဦးတင့်လွင်(ဗိုလ်မှူး၊ ငြိမ်း၊ တပ်မတော်-ရေ)-ဒေါ်ညွန့်ညွန့်၊ (ဦးမြင့်လွင်)(ဗိုလ်မှူး၊ငြိမ်း၊တပ်မတော်-ရေ)-ဒေါ်လှစီ၊ ဒေါ်တင်တင်ရီ(တာမွေ-၃၊ အထက၊ ငြိမ်း)၊ ဒေါ်ခင်စန်းမြင့်(တာမွေ-၃၊ အထက၊ ငြိမ်း)-ဦးအောင်သွင်(စက်မှု-၁၊ ငြိမ်း)တို့၏ညီ/မောင်၊ ဦးခင်မောင်လတ် (စက်မှု-၁၊ ငြိမ်း)-ဒေါ်ကယ်ရာ၊ ဦးမျိုးမြင့်(B.Sc. M.Sc-F I)၊ ဒေါက်တာဒေါ်သန်းသန်းအေး(ကလေးအထူးကုဆရာဝန်၊မွန်ပြည်နယ်)၊ ဒေါ်အေးအေးမူ(ကထိက၊ရုက္ခဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)တို့၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ ဦးလေး၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၁-၂-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ည ၇:၅၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄-၂-၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊**
**ဇရပ်ဒါယိကာမ**

## ဒေါ်စန်းစန်းမြင့် (တောင်သာမြို့)

**B.A (History)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရာဇာဓိရာဇ်လမ်း၊(၄၁)ရပ်ကွက်၊အမှတ် ၁၀၃၄ နေ (ဦးစိုးဝင်း)-ဒေါ်အုံးရင်တို့၏ သမီး၊ဦးကြည်မောင်-(ဒေါ်စိန်လှကြည်)၊ ဦးဝေလွင် (အထွေထွေမန်နေဂျာ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊စက်မှု-၁)-ဒေါ်တင်သိန်းနွယ် (ဒုလက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာသုံးစက်မှုလုပ်ငန်း)၊ ဗိုလ်မှူးကြီးသန့်ဆွေ-ဒေါ်ခင်ခင်လှ(အလက၊ မင်္ဂလာဒုံ)၊ ဦးရဲမြင့်(ဌာနခွဲမှူး၊ဒိုင်းမွန်အချိုရည်စက်ရုံ)-ဒေါ်နီနီခင် (ကြီးကြပ်ရေးမှူး၊ မြန်မာ့ဆေးဝါး)၊ ဦးမင်းနေ-ဒေါ်မြမြဆွေ (အလက-၁၊ မရမ်းကုန်း)၊ ဒေါ်ခင်စန်းလွင် (တာဝန်ခံ၊ ရန်ကင်းမူကြို)တို့၏ ညီမ၊ ဦးယဉ်ထွန်း-ဒေါ်မြင့်မြင့်မိုး (ဒု-လဝကမှူး)တို့၏အစ်မ၊ဗိုလ်မှူးစိုးအောင် (ကာကွယ်ရေးဦးစီးချုပ်ရုံး၊လေ)၏ဇနီး၊ တစ်ဦးတည်းသော သားသားလေး၏ မိခင်၊ တူ တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဌာန၌ ၁၂-၂-၂၀၀၄ရက် မွန်းလွဲ ၁၂:၁၅ နာရီတွင် [illegible]

---

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၂၊ မန်နေဂျာ ၅၄၄၃၁၃၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၂၁၊ ကြော်ငြာ ၅၄၅၀၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

# (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာ တိုင်းမှူးဖတ်ကြား ပြည်သူလူထုအင်အားတစ်သောင်းကျော် တက်ရောက်အလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီကာကွယ် ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာကျင်းပသည့် ၂၀၀၆ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။**

### ပြည်သူ့ရင်ပြင်ရှေ့ရောက်ရှိ

ရှေးဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ နေရာယူပြီးနောက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နား ခဲ့သည့် ပြည်ထောင်စုအလံတော်သည် ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်း ခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့တွင် တစ်ညတာစီရပ်နားခဲ့ပြီး နံနက် ၇နာရီမိနစ် ၂၀တွင် ပြည်ထောင်စု လှေဖြင့် ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့သို့ ရောက်ရှိလာသည်။

ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာသည့် ပြည်ထောင်စုနေ့အလံတော်အား ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံမှ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းဦးစီးသည့် ပြည်ထောင်စုနေ့အလံတော် သယ်ယူရေးအဖွဲ့က လက်ခံယူပြီး *စာမျက်နှာ ၄ ကော်လံ ၁* ■

## မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်း

ဒါတိုဆရီ အဗ္ဗဒူလာဘင်ဟာဂျီအာမက် ဘာဒါဝီကို ၁၉၃၉ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့ တွင် မွေးဖွားခဲ့သည်။ မလေးရှားနိုင်ငံ ကဲပလာမြို့ ဘာတမ်မူလတန်းကျောင်း၊ ဘူကစ်မာတဂျမ် အထက်တန်းကျောင်း၊ ပီနန်မြို့ မက်သဒစ်ကျောင်း တို့တွင် ပညာဆည်းပူးခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် မလေးယားတက္ကသိုလ်တွင် အစ္စလာမ်ဘာသာ လေ့လာရေးဆိုင်ရာဘွဲ့ကို ဂုဏ်ထူးတန်းဖြင့် အောင်မြင်ခဲ့သည်။

ယင်းနောက် ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ အစိုးရဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး နောက် ၁၉၇၈ခုနှစ်တွင် နယ်နိမိတ်ဝန်ကြီးဌာန၏ ပါလီမန် အတွင်းဝန်အဖြစ် ရွေးချယ်တာဝန်ပေး ခြင်းခံရသည်။ ၁၉၈၀ ပြည့် နှစ်တွင် ဒုတိယဝန်ကြီး အဖြစ် ရာထူးတိုးမြှင့် ခံရသည်။ ၁၉၈၁ခုနှစ်မှ ၁၉၈၄ခုနှစ်အထိ ဝန်ကြီးချုပ်ရုံး ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၄ခုနှစ်မှ ၁၉၈၆ခုနှစ်အထိ ပညာရေး ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၆ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှ ၁၉၉၉ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံခြားရေးဝန်ကြီး အဖြစ်လည်းကောင်း၊ ၁၉၉၉ခုနှစ် ဇန်နဝါရီလမှ ၂၀၀၃ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့အထိ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး အဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၃ခုနှစ် အောက်တိုဘာလ ၃၁ရက်နေ့တွင် ဒါတိုဆရီ ဒေါက်တာမဟာသီယာဘင် မိုဟာမက် ဝန်ကြီးချုပ်တာဝန်မှ အနားယူပြီးနောက် ဝန်ကြီးချုပ်၏ တာဝန်နှင့် ဘဏ္ဍာရေးဝန်ကြီးတာဝန်များကို လွှဲပြောင်းလက်ခံယူခဲ့သည်။ ပြည်ထဲရေးဝန်ကြီးတာဝန်ကို ပူးတွဲထမ်းဆောင်လျက်ရှိသည်။ ဇနီးသည် ဒါတင်ဆရီ အန်ဒန် ဒါတိုမာမွတ်နှင့် လက်ထပ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။

### ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)၏ အသည်းရောင် အသားဝါ(ဘီ) ကာကွယ် ဆေးစက်ရုံအတွင်း ကာကွယ်ဆေး ထုတ် လုပ်မှုဌာန၊ ကာကွယ်ဆေး အရည် အသွေးထိန်းချုပ်ရေးဌာနနှင့် ကာကွယ် ဆေး ကုန်ချောထုတ်လုပ်မှုဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

### ဘင်းမ်စတက်အကြိုပိုလ်လုပွဲ မြန်မာ့ရုပ်မြင်သံကြားမှထုတ်လွှင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ထိုင်းနိုင်ငံ ဖူးကတ်မြို့တွင် ကျင်းပခဲ့သည့် အသက်(၁၈)နှစ် အောက် ဘင်းမ်စတက်လူငယ် ဘောလုံးပြိုင်ပွဲမှ အကြိုဗိုလ်လုပွဲ ဖြစ်သည့် မြန်မာလူငယ်နှင့် ဘင်္ဂလားဒေ့ရှ်လူငယ်တို့ ဖေဖော် ဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစား ခဲ့ကြပုံများကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ် လွှင့်ပြသမည်ဖြစ်သည်။ ဘော လုံးအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် သာ ရိုက်ကူးထားခြင်းဖြစ်၍ ချို့ယွင်းအားနည်းမှုများရှိပါက သည်းခံ ရှုစားကြရန်လည်း ကြိုတင်အသိပေး တောင်းပန် ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံနှင့် စိတ်ကျန်းမာရေးဆေးရုံကြီးစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းလှည်းကူးမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)၏ အသည်းရောင်အသားဝါ(ဘီ) ကာကွယ် ဆေးစက်ရုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သုတေသန ပညာရှင်များက ကြိုဆိုကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

**ယနေ့ထုတ်စောင်ရေ ၂၀၁၀၁၆**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေး